# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**သုတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၁၆၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြား

## နိုင်ငံ့အရေးကိုဆောင်ရွက်ရာ၌ လူငယ်များပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏အနာဂတ်ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရမည်

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်အစိုးရ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေး မှာကြားခြင်းအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှု**

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံခြင်းသည်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ

**နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂)** စာ ၆

**စွမ်းအင်စစ်ပွဲ၊ ကမ္ဘာ့စွမ်းအင်ငတ်မွတ်မှုမှသည် မဖြစ်မနေ စွမ်းအင်ချွေတာမှုဆီသို့** စာ ၁၀

**အင်ဒိုနီးရှား၏ နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး နျူကလီးယားသုတေသီ ၂၀၀ ခန့် လိုအပ်မည်** စာ ၁၄

## သပ်လျှိုသွေးခွဲမှုများ သတိပြု၍ရှောင်ရှား

ဤကမ္ဘာမြေပေါ်တွင် အပင်နှင့်သတ္တဝါတို့ မျိုးမပြတ်ဘဲ ရှင်သန်ရပ်တည်နိုင်ရန် ကျန်းမာသန်စွမ်းကြဖို့လိုသည်။ အသန်မာဆုံးသည်သာ အရှည်ကြာဆုံးရပ်တည်နိုင်ခြင်း (Survival of the fittest ) ဟူသော သဘာဝ၏ရွေးချယ်မှုအရ ကြံ့ခိုင်သန်စွမ်းမှုမရှိသော ဇီဝမျိုးစိတ်တို့မှာ ကမ္ဘာမြေပေါ်မှ ထာဝရ ပျောက်ကွယ်သွားကြရသည်။ နိုင်ငံတို့၏ သဘောမှာလည်း အဆိုပါ သက်ရှိဇီဝတို့၏ သဘောကဲ့သို့ပင် ကမ္ဘာမြေပေါ်တွင် ကြာရှည်စွာတည်ရှိနိုင်ရန် တန်ခိုးအင်အားကြီးဖို့လိုသည်။

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိနေရာ စင်စစ်အားဖြင့် ဤနိုင်ငံများသည် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုယ်စီအတွက် အပြိုင်အဆိုင်ရုန်းကန်ရှင်သန်နေကြရခြင်းဖြစ်သည်။ ဤတွင် အင်အားကြီးသောနိုင်ငံဆိုသည်ကို နိုင်ငံ၏ပိုင်နက်နယ်နိမိတ်ကျယ်ဝန်းမှုဟူ၍ ဖွင့်ဆိုမှုရှိသလို ယဉ်ကျေးမှုနှင့် အတတ်ပညာ၊ နည်းပညာခေတ်မီဖွံ့ဖြိုးမှုဟူ၍ ဖွင့်ဆိုသည်လည်းရှိသည်။ နိုင်ငံတစ်နိုင်ငံ အင်အားကြီးလာရန် ပြင်ပဗဟိဒ္ဓသဘောအရ ကောင်းမွန်သည့် နယ်နိမိတ်အပိုင်းအခြားနှင့် အတွင်းအဇ္ဈတ္တသဘောအရ စည်းလုံးညီညွတ်မှုတို့ရှိနေရန် လိုအပ်သည်ဟုလည်း ဆိုသည်။ ယနေ့ မိမိတို့၏မျက်စိရှေ့မှောက်တွင် တွေ့မြင်နေရသည့် ကမ္ဘာ့ရေးရာများမှာ အထက်တွင်ဖော်ပြခဲ့သည့် ပထဝီနိုင်ငံရေးဆိုင်ရာ သဘောတရားများ ဟောင်းနွမ်းမသွားသေးသည့် သက်သေများပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အနောက်မြောက်ဘက် အစွန်ဆုံးတွင် တည်ရှိသည်။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံနှစ်နိုင်ငံဖြစ်ပြီး အာရှအင်အားကြီးနိုင်ငံများဖြစ်သော အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံတို့၏ကြားတွင် မြန်မာနိုင်ငံက နယ်နိမိတ်များ ထိစပ်တည်ရှိနေသည်။ အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်နေသည့် မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး မြန်မာ့အဏ္ဏဝါရေပိုင်နက်အတွင်း သဘာဝသယံဇာတများ တည်ရှိနေသကဲ့သို့ ကမ္ဘာ့ကုန်သွယ်ရေကြောင်းလမ်းမကြီးကို ချုပ်ကိုင်နိုင်သည့် အချက်အချာနေရာတွင်လည်း တည်ရှိနေသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ပင်မကုန်းမြေတွင် အကျယ်ဝန်းဆုံးနိုင်ငံဖြစ်ပြီး သယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်ရာ မြေရှားသတ္တုကဲ့သို့သော သယံဇာတ ထွက်ရှိသည့်အပြင် မတူးဖော်ရသေးသည့် သယံဇာတများရှိသည်ဟုလည်း ယုံကြည်ကြသည်။

အထက်တွင်ဖော်ပြထားသော အချက်များအရ မြန်မာနိုင်ငံသည် ပစ္စုပ္ပန်တွင် ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေ၌ ကမ္ဘာ့အင်အားကြီးတို့၏ အာရုံစိုက်စရာနေရာတစ်ခုဖြစ်နေသည်။ ဤသို့သော အခြေအနေတွင် ရှင်သန်ရပ်တည်ရေးအတွက် အင်အားရှိရန်လိုသည်။ ကြံ့ခိုင်သန်မာစွမ်းအားပြည့်သည့် နိုင်ငံဖြစ်ဖို့လိုသည်။ ရှေးက မိမိတို့၏ ဘိုးဘေးဘီဘင်များအမွေအဖြစ် ချန်ထားရစ်သည့် နိုင်ငံနယ်နိမိတ်ကို တစ်လက်မမျှပင် မထိပါးရန် ကာကွယ်ဖို့လိုသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို နိုင်ငံသူနိုင်ငံသားတိုင်းက အသက်တမျှ ဦးထိပ်ထားကြရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပ အန္တရာယ်ဟူသမျှကို ဉာဏ်မျက်စိဖြင့် ကြည့်မြင်နိုင်ကြရမည်ဖြစ်သည့်အပြင် သူတစ်ပါးနိုင်ငံ၏ တိုက်ရိုက်အကျိုးစီးပွား၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် မိမိနိုင်ငံ၊ မိမိမြေပေါ်တွင်ကိုယ်စားပြုစစ်ပွဲ (Proxy war) များ လာရောက်ဖန်တီးတိုက်ခိုက်စေမှုတို့ကို ခွင့်မပြုကြရန်လည်း လိုအပ်သည်။

နိုင်ငံ၏ မြေပိုင်နက်၊ ရေပိုင်နက်၊ လေပိုင်နက်တို့ကို မြန်မာ့တပ်မတော်က အဓိကကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ရာ တပ်မတော်သည် ခေတ်မီတပ်မတော်၊ စွမ်းရည်စွမ်းအား ထက်မြက်သည့် တပ်မတော်၊ အင်အားခိုင်မာတောင့်တင်းသည့် တပ်မတော်ဖြစ်ရန် တည်ဆောက်သွားရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်နှင့် ပြည်သူတစ်သွေးတည်းတစ်သားတည်း စည်းလုံးညီညွတ်ရန် လိုအပ်သည့်အလျောက် တပ်မတော်နှင့်ပြည်သူအကြား ပြည်တွင်းပြည်ပအဖျက်အမှောင့်သမားတို့၏ သွေးခွဲသပ်လျှိုမှုများကို သတိပြု၍ ရှောင်ရှားကြရမည်လည်းဖြစ်သည်။ အတ္တကြီးမားသလောက် အသိဉာဏ်နည်းပါး၊ မိုက်တွင်းနက်သည့် နိုင်ငံရေးသမားအချို့ ခလောက်ဆန်မှုကြောင့် လက်ရှိမိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေရသည့် နာကျင်ခံစားရမှုများမှာ တန်ဖိုးကြီးလှသည့် သင်ခန်းစာလည်းဖြစ်သည်။

မြန်မာ့တပ်မတော်ဆိုသည်မှာ တိုင်းရင်းသားပြည်သူများအားလုံးမှပေါက်ဖွားလာသည့် ရင်နှစ်သည်းချာများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လူမျိုးတစ်မျိုးကို ကိုယ်စားပြုထားခြင်းမဟုတ်ဘဲ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုထားခြင်းဖြစ်ရာ လူမျိုးရေးမုန်းတီးမှုဖြစ်ပေါ်စေရန် သွေးထိုးမှုများ၊ ကျဉ်းမြောင်းသည့် လူမျိုးစွဲဖြင့် သွေးခွဲလှုံ့ဆော်မှုများကို လုံးဝလက်မခံဘဲ ဆန့်ကျင်ဖယ်ရှားရှုတ်ချကြရမည်ဖြစ်သည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။




**၁၀ - ၃ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၃ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၅ | ၂၆၄၀ | ၂၆၀၅ | ၂၅၄၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၀၀ | ၂၆၀၀ | ၄၅၀၅ | ၂၈၉၀ | ၂၆၁၅ | ၂၈၇၅ | ၂၆၈၅ | ၂၆၅၀ | ၂၆၇၅ | ၂၉၃၀ |
| 95 Ron | ၂၅၉၅ | ၂၇၁၀ | ၂၆၇၅ | ၂၆၁၀ | ၂၇၁၅ | ၂၇၃၀ | ၂၇၅၀ | ၂၆၇၀ | ၄၅၆၀ | ၂၉၆၀ | ၂၆၈၅ | ၂၈၅၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | - | ၂၉၇၅ | ၂၆၉၅ | ၃၃၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၅၅ | ၃၀၁၀ |
| HSD (50 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၉၇၅ | ၄၈၃၀ | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |
| HSD (10 ppm) | ၂၉၀၅ | ၃၀၂၀ | ၂၉၈၅ | ၂၉၂၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၅ | ၂၉၇၅ | - | ၃၂၇၀ | ၂၉၉၀ | ၃၄၁၀ | ၃၀၆၅ | ၃၀၃၀ | ၃၀၅၀ | ၃၃၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၀ | ၂၄၅၁ |
| 95 Ron | ၂၄၃၈ | ၂၅၂၀ |
| HSD (500 ppm) | ၂၄၄၉ | ၂၅၂၈ |
| HSD (50 ppm) | ၂၇၃၅ | ၂၈၁၉ |
| HSD (10 ppm) | ၂၇၃၅ | ၂၈၁၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

❖ ရှေ့ဖုံးမှ

မိမိတို့အစိုးရ၏ ဖြတ်သန်းလာခဲ့သည့် ၅ နှစ်တာကာလအတွင်း မိမိတို့အစိုးရအဖွဲ့၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရန်နှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုသုံးသပ်ရန်တွေ့ဆုံပြောကြားခြင်း ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး တိုးတက်မှုရှိစေရေးအတွက် ယခင်ကယေဘုယျအားဖြင့် နိုင်ငံတွင်ကျင့်သုံးသည့် စနစ်များအလိုက် အစိုးရများနှင့် နိုင်ငံရေးပါတီများက ဆောင်ရွက်ကြကြောင်း၊ ယခုခေတ်ကာလတွင် အစိုးရနှင့်ပါတီများသာမက ပြည်တွင်း၌ ဖွဲ့စည်းထားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ (NGO၊ INGO) များကပါ ပါဝင်ဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း။

မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးစကာလမှစတင်၍ ခေတ်အဆက်ဆက်တွင် အစိုးရအဖွဲ့အမျိုးမျိုး၊ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် ပြောင်းလဲကျင့်သုံးခဲ့ပြီး ၂၀၁၁ ခုနှစ်မှ စတင်၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ကြောင်း၊ အစိုးရ၊ လွှတ်တော်ဖြင့် နိုင်ငံကိုဦးဆောင်ခဲ့ကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုရလဒ်များ ဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းမှုမရှိဘဲ မဲမသမာမှုရလဒ်များဖြင့် ထွက်ပေါ်လာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သဖြင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းရာတွင် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမှုရှိစေရေး တပ်မတော်သားများဖြင့်သာ သီးခြားဖွဲ့စည်းခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ပြီး အတွေ့အကြုံရှိသည့် အရပ်သားများကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကိုချမှတ်ဆောင်ရွက်ခဲ့ပြီး ထိုအထဲတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးပါက ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ သို့သော် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် အချိန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခက်အခဲအကျပ်အတည်း အမျိုးမျိုးကြားမှ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

**လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှု**

မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာဖြင့် ရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား ကောက်ယူခဲ့ကြောင်း၊ အလားတူ မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်မည်ဟု မိမိအနေဖြင့် ၂၀၂၄ ခုနှစ်တွင် မိတ္ထီလာမြို့ ခရီးစဉ်အတွင်း ပြည်သူလူထုနှင့်တွေ့ဆုံစဉ် စတင်ပြောကြားခဲ့ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ကို ၂၀၂၃ ခုနှစ်တွင် စတင်ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြင်ဆင်ချိန် ၃ နှစ်ခန့်အထိ ရရှိခဲ့ကြောင်း၊ ပါတီဝင်ဦးရေတိုးပွားရေးအတွက်လည်း ပါတီဝင်စည်းရုံးရေးလုပ်ငန်းများကို



❑ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်းနှင့်အတူ ဧပြီလတွင် ထွက်ပေါ်လာမည့် အစိုးရကို နိုင်ငံတော်အာဏာထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်

စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုပေးထားခဲ့ကြောင်း၊ ပါတီဝင်ဦးရေပိုမိုရရှိအောင် စည်းရုံးခြင်းသည် ပြည်သူလူထုကိုစည်းရုံးခြင်းပင်ဖြစ်ပြီး ပြည်သူကို တစ်စိတ်တစ်ပိုင်းစည်းရုံးခွင့်ရခြင်းပင်ဖြစ်ကြောင်း၊ ပါတီဝင်အင်အားများလာပါက ထောက်ခံသူ များပြားလာမည်ဖြစ်ပြီး ပါတီဝင်များစုဆောင်းခွင့်နှင့် မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းစဉ်များကိုလည်း နည်းလမ်းတကျ ခွင့်ပြုပေးထားခဲ့ကြောင်း၊ သို့သော်လည်း အချို့ပါတီများအနေဖြင့် ပေးထားသည့်အခွင့်အလမ်းများကို ထိရောက်စွာအသုံးချနိုင်မှု မရှိခဲ့သည်ကို တွေ့ရှိရပြီး ပြည်သူများနှင့် ပိုမိုထိတွေ့သည့်ပါတီများမှ ပြည်သူ့ထောက်ခံမဲများ ပိုမိုရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးကိုယ်စားပြုပါဝင် ယှဉ်ပြိုင်သည့်ပါတီ (၆) ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကိုယ်စားပြုယှဉ်ပြိုင်သည့်ပါတီ (၅၁)ပါတီ၊ စုစုပေါင်းနိုင်ငံရေးပါတီ (၅၇)ပါတီပါဝင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများ တည်ထောင်၍ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ပိုမိုခိုင်မာစေခဲ့ကြောင်း။

ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲအပိုင်း (၃) ပိုင်းစလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းကျော်အနက် မဲပေးခဲ့သည့်အရေအတွက်မှာ ၁၃ ဒသမ ၁၄ သန်းကျော် ရှိခဲ့ကြောင်း၊ ထို့ကြောင့် မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ မဲပေးခဲ့သည့် အရေအတွက်ကို ခွဲခြားလေ့လာကြည့်မည်ဆိုပါက အသက် ၁၈ နှစ်နှင့် ၄၀ နှစ်ကြားတွင် ၄၅ ရာခိုင်နှုန်း၊ အသက် ၄၀ မှ ၅၀ နှစ်အကြားတွင် ၂၀ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရှိရသည့်အတွက် လူငယ်အုပ်စုများအနေဖြင့် ကျင်းပခဲ့သည့်ရွေးကောက်ပွဲကို စိတ်ဝင်စားမှုရှိစွာဖြင့် အများဆုံးပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲ၌ နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မီဒီယာများ လာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမစတင်မီ မမှန်မကန်စွပ်စွဲချက်များရှိသော်လည်း ရွေးကောက်ပွဲကာလနှင့်ရွေးကောက်ပွဲအပြီး၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအား နိုင်ငံတကာအသိုင်းအဝိုင်းက မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရသဖြင့် မဟုတ်မမှန်စွပ်စွဲချက်များ တိတ်ဆိတ်သွားကြောင်း၊ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ပြည်သူများက ရွေးချယ်ပေးခဲ့သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပေါ်ထွက်လာပြီဖြစ်ခြင်းကြောင့် ယခုမတ်လထဲတွင် လွှတ်တော်အစည်းအဝေးများကို ကျင်းပခြင်းနှင့်အတူ ဧပြီလတွင် ထွက်ပေါ်လာမည့် အစိုးရကို နိုင်ငံတော်အာဏာ ထမ်းဆောင်နိုင်ရန် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း။

**ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု**

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မဖြစ်မနေ တိုးတက်မှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုအကျိုးကိုရှေးရှု၍ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၈၉)ကြိမ်၊ NCA လက်မှတ် ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၂၅)ကြိမ်၊ နိုင်ငံရေးပါတီများနှင့်(၂၂)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် (၁၃)ကြိမ်၊ စုစုပေါင်း (၁၄၉) ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

ထိုကဲ့သို့ ဆွေးနွေးသည့်နေရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးကိစ္စရပ်များ၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော ဖြစ်သင့်ဖြစ်ထိုက်သည့်အချက်များကို အကျေအလည်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ဆွေးနွေးနိုင်ခဲ့သည့်အချက်များကို လာမည့်လွှတ်တော်တွင် ဆွေးနွေးသွားမည်ဖြစ်ပြီး လွှတ်တော်၏ဆုံးဖြတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အခြေခံဥပဒေများနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၌လည်း ပြင်ဆင်နေကြသည့် အခြေအနေများရှိနေကြကြောင်း၊ လက်ရှိ အခြေခံဥပဒေသည် ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှ စတင် အခြေပြုရေးဆွဲခဲ့ခြင်းဖြစ်၍ ယခုခေတ်စနစ်နှင့်အညီ ပြုပြင်ရန်များ ရှိနိုင်ကြောင်း၊ အခြေခံဥပဒေသည် ခိုင်မာမှုရှိပါက ပိုမိုကောင်းမွန်သဖြင့် ဥပဒေရေးဆွဲရာတွင် အရှည်မြော်တွေးပြီး ဘက်ပေါင်းစုံမှ စဉ်းစားရေးဆွဲရန်လိုကြောင်း၊ အခြားအဓိကကျသည့် ဥပဒေများရေးဆွဲရာတွင်လည်း ၎င်းအချက်သည် အရေးပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမျိုးသားအဆင့်အားလုံးပါဝင်သည့် အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ငြိမ်းချမ်းရေးစကားဝိုင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် နည်းဗျူဟာများ ဖော်ထုတ်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဖိုရမ်နှင့် နိုင်ငံတစ်ဝန်းတွင်ရှိသည့်လူငယ်များ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် စိတ်ပါဝင်စားမှုရှိလာစေရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ်များကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ အဆိုပါဖိုရမ်များမှ ရရှိသည့် ဆွေးနွေးချက်များသည် ငြိမ်းချမ်းရေးနှင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက်များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့အရေးကိုဆောင်ရွက်ရာ၌ လူငယ်များပါဝင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏ အနာဂတ်ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် မီဒီယာကဏ္ဍ အားကောင်းစေရေးအတွက်လည်း အားပေးဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံပိုင်မီဒီယာအပြင် အခြားမီဒီယာများကိုလည်း အဆင့်မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအပါအဝင် အခြားထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် မီဒီယာနှင့် စာနယ်ဇင်းသမားများအပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိနေသည့် လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့အသီးသီးတို့အတွက်လည်း လိုအပ်သည့်ကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

အနုပညာရှင်များအနေဖြင့် ယခုကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ပါဝင်အားဖြည့်ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာရပ်များ ရေရှည်တည်တံ့နိုင်စေရေးအတွက် နယ်ပယ်အသီးသီးမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် ဆုတံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း၊ အနုပညာနယ်ပယ်အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ မိမိတို့အနေဖြင့် အားပေးချီးမြှောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံရေးအားများအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သည်များကို သုံးသပ်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ထိုအပေါ်တွင် သင်ခန်းစာယူသုံးသပ်၍ နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

**နိုင်ငံ့စီးပွားတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းနှင့် MSME လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့မှု**

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းကို အခြေခံ၍ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းကျော်သည် လယ်ယာသားငါးကဏ္ဍကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မြို့ပြတွင်နေထိုင်သူ ၃၀ ရာခိုင်နှုန်း၌ပင် ၎င်းကဏ္ဍနှင့် စီးပွားရေးဆောင်ရွက်နေသည်များ ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries) ကို ဆောင်ရွက်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဒေသတွင်း နိုင်ငံများတွင်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်ကဏ္ဍကို အဓိကဆောင်ရွက်ကြပြီး စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပပို့ကုန်များရရှိအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေး အသိပညာနှင့် အတတ်ပညာများ တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များနှင့် သွင်းအားစုများ လိုအပ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း စက်မှု၊ စိုက်ပျိုး မွေးမြူရေးနှင့်ပတ်သက်သည့်အခြေခံ အသိပညာများကိုလည်း သင်ကြားပေးလျက်ရှိပြီး လာမည့်ပညာသင်နှစ်တွင် အလယ်တန်းအဆင့်၌ပါ သင်ကြားပေး၍နိုင်ငံ၏အဓိကစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့်ကဏ္ဍ၌ အားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သည့် နိုင်ငံများ၌ပင် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍသည် အရေးပါလျက်ရှိပြီး ၎င်းကဏ္ဍကိုအခြေခံ၍ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှာ အခြားနိုင်ငံများထက် နည်းပါးနေခြင်းကြောင့် ပြည်ပပို့ကုန်များ နည်းပါးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြည်ပပို့ကုန်နည်းပါးခြင်းကြောင့် နိုင်ငံခြားဝင်ငွေများနည်းပါးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အဆင့်မြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

ယခင်ဒီမိုကရေစီ အစိုးရသက်တမ်း နှစ်ခုတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယင်းကို သင်ခန်းစာရယူ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုမြှင့်တင်ကာ ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအား ကြိုးပမ်းမြှင့်တင်မှုမရှိဘဲ ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း၊ နိုင်ငံသားတိုင်းတစ်ဦးချင်း အမှန်တကယ် အလုပ်လုပ်မှသာလျှင် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီး နိုင်ငံ့ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများရှိမှသာ ဒေသဝမ်းစာဖူလုံမှုကိုဖြစ်စေနိုင်မည်ဖြစ်ပြီး အခြေခံစားကုန်များ၏ ဈေးနှုန်းများသည်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းတွင်ရှိနေစေမည်ဖြစ်ကြောင်း၊ ဒေသတွင်းလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုများ ကိုက်ညီမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကြီးမြင့်ခြင်းတို့ကြောင့်သာ အချို့ဒေသများ၌ ကုန်ဈေးနှုန်းများ ကြီးမြင့်နေခြင်းဖြစ်ကြောင်း၊ ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံပြီးထုတ်လုပ်သည့် တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ အားပေးနိုင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများကို

**“ မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ ”**

ဆောင်ရွက်လျက်ရှိပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်လာပြီး ပြည်ပသွင်းကုန်များကို များစွာအစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် အစိုးရအားပေးမှုနှင့်အတူ MSME လုပ်ငန်းများအနေဖြင့် ယခင်နှင့်မတူအောင် ဖွံ့ဖြိုးတိုးတက်မှုရရှိနေပြီဖြစ်ပြီး ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း MSME လုပ်ငန်းများကို ယခုထက်ပိုမိုအားပေးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries)တွင် MSME ကုန်ထုတ်လုပ်ငန်းသည် မဖြစ်မနေလိုအပ်ပြီး MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် လုပ်ငန်းလိုအပ်ချက်များအပေါ် နည်းလမ်းရှာဖွေကျော်ဖြတ်၍ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရေး ဆောင်ရွက်ခဲ့မှု**

ပို့ဆောင်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ် Public Transportation ကို ပိုမိုအားပေးဆောင်ရွက်ခဲ့ကြောင်း၊ တိုးတက်လျက်ရှိသည့် နိုင်ငံများတွင်လည်း မီးရထားအပါအဝင် အများပြည်သူသုံး သယ်ယူပို့ဆောင်သည့်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့အစိုးရတာဝန်ယူစဉ်ကာလအတွင်း ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စွာခရီးသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စွာဖြင့် ဆောင်ရွက်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပြီး ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့်မီးရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ရန်ကုန် – မန္တလေး ရထားလမ်း အဆင့်မြှင့်တင်မှုအား မိမိတို့ အစိုးရလက်ထက်တွင် နိုင်ငံတော်ဘတ်ဂျက်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရထားလမ်းပြေးဆွဲမှုများ ပိုမိုတိုးတက်ကောင်းမွန်လာပြီး မီးရထားများ၏ အမြန်နှုန်းကို ကီလိုမီတာ ၁၀၀ အထိ မောင်းနှင်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာလေကြောင်းခရီးစဉ်များမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေးအတွက် ပုသိမ်၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ ညောင်ဦး၊ ထားဝယ်၊ မြိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်တွင် EV ကားများ အသုံးပြုရန်အတွက် တိုက်တွန်းခဲ့သကဲ့သို့ လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံတကာအရေးအခင်းများကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း လောင်စာဆီများ အခက်အခဲဖြစ်ပေါ်လျက်ရှိချိန်တွင် လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များ၏ အခန်းကဏ္ဍသည် မြင့်တက်လာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လောင်စာဆီအခက်အခဲများကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်ဘဲ လောင်စာဆီသုံးစွဲနေမှုများအား အတတ်နိုင်ဆုံး လျှော့ချနိုင်ရေး အခြားနိုင်ငံများနည်းတူ နည်းလမ်းရှာ၍ ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများမှ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု**

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် “အခြေခံအုတ်မြစ်တစ်ခု” ဖြစ်ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့် လူနေမှုစနစ်ကို ပညာရေးဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးအဆင့် မြှင့်တင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး၊ စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အားကစားခန်းမများအပြင် အခြားသော အခြေခံအဆောက်အဦများ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်စေရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များနှင့် ကျောင်းများအလိုက်မှလည်း စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အရည်အသွေးကို မြှင့်တင်ပေးခဲ့ကြောင်း၊ အထူးသဖြင့် နေပြည်တော်တွင် Napyitaw State Academy နှင့် Napyitaw State Polytechnic University တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခု၌လည်း Polytechnic University များကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ ဖြတ်သန်းခဲ့သည့်သမိုင်းကြောင်းအဆက်ဆက်ကို ပြန်ကြည့်မည်ဆိုပါက ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များစွာရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဘုရင်စနစ်ကျင့်သုံးခဲ့သည့် အချိန်ကာလများတွင် မိမိတို့အနေဖြင့် အတတ်ပညာ၊ စာပေ၊ အနုသုခုမနှင့် ယဉ်ကျေးမှုတို့၌ အဆင့်အတန်းမြင့်မားခဲ့ကြောင်း၊ သို့သော်လည်း အချင်းချင်းညီညွတ်မှုတမှုအားနည်းပြီး အပြန်အလှန်တိုက်ခိုက်နေကြသောကြောင့် စာပေပညာနှင့် အတတ်ပညာများကို လက်ဆင့်ကမ်းနိုင်မှုအားနည်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ကိုလိုနီခေတ်တွင် ပညာရေးဖိနှိပ်ခံရမှုများရှိခဲ့သကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်တွင်းမငြိမ်မသက်မှုများကြောင့် ပညာရေးအားနည်းမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်လည်းအချို့ဆူပူမှုဖြစ်ပေါ်ပြီး တည်ငြိမ်မှုမရှိသည့်ဒေသများတွင် ပညာရေးကို ပိုမိုထိခိုက်စေသည်ကိုတွေ့ရကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ငြိမ်းချမ်းမှုမရှိပါက နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် များစွာအခက်အခဲရှိနေဦးမည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးကို မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်ဖြစ်သင့်ဖြစ်ထိုက်သည့် လိုက်လျောမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သော်လည်း လက်နက်ကိုင် အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အကျိုးကို သာဦးတည်၍ ဖြစ်နိုင်သည်များကိုသာ တောင်းဆိုသွားကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ကျောင်းမနေနိုင်သည့်အရွယ်များကို ကျောင်းပြင်ပပညာရေးဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်သူများအနေဖြင့် အဆိုပါစာကြည့်တိုက်များ၊ စာအုပ်စာပေများ၊ ဆောင်းပါးများမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိပညာဗဟုသုတများ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဗဟုသုတများ၊ ဆောင်းပါးများကို ရေးသားဖော်ပြကြရာတွင်လည်း အများပြည်သူများ လက်လှမ်းမီစွာဖြင့် လွယ်ကူရှင်းလင်းစွာ သိမြင်နိုင်မည့်အသုံးအနှုန်းများဖြင့် ရေးသားဖော်ပြကြရန်လိုကြောင်း။

**ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ခဲ့မှု**

ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းရပ်များကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းအနေဖြင့် ယခင်နှစ်များထက် တိုးမြင့်လာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများအနက် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆက်လက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး လူနေမှုစနစ်ကို မြှင့်တင်ပေးရမည်၊ ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး အာဟာရပြည့်ဝစွာစားသုံးနိုင်ရမည်၊ အသိပညာမြင့်မားစေရေး ကျောင်းပညာရေးကို လူတိုင်းသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားများ၏ မျှော်မှန်းသက်တမ်း တိုးမြင့်လာစေရေးအတွက် အစိုးရအနေဖြင့်တာဝန်ရှိပြီး ဘက်ပေါင်းစုံမှစဉ်းစား၍ မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးသည် တိုင်းပြည်၏အသက်ပင်ဖြစ်ပြီး ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ တိုးတက်စေရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း။

**နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်ခဲ့မှု**

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူ(၅) ချက်နှင့်အညီ စောင့်ထိန်းလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ချိန်များအတွင်း ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံများသို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နိုင်ငံ၏အကျိုးစီးပွားများကို ပိုမိုမြှင့်တင်နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များ လာရောက်လေ့လာခဲ့ကြပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ကို ၎င်းတို့တွေ့မြင်ခဲ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားစွဲဆိုမှုနှင့် ပတ်သက်၍လည်း နိုင်ငံတော်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ် မှ ၂၀၂၆ ခုနှစ် တရားရင်ဆိုင်မှုကာလအထိ တရားစီရင်မှုအဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့ပြီး

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*
ဥပဒေကြောင်းအရ ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တို့နှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သည့်နေရာများနှင့် ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သူများအား ဖော်ထုတ်ရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နေသည့်နေရာများအား ဖော်ထုတ်ရှင်းလင်းခြင်းများကို မိမိတို့အနေဖြင့် အင်ပြည့်အားပြည့်ဖြင့် ထိရောက်ပြင်းထန်စွာ ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်နေရာများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊မိမိတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ မရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ လက်ရှိအချိန်အထိ ဖော်ထုတ်ရှင်းလင်းရရှိမှုများနှင့်နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို သုံးသပ်ကြည့်မည်ဆိုပါက အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့နယ်မြေအတွင်း ထိုသို့လုပ်ဆောင်နေမှုများ မရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

တစ်ဆက်တည်းတွင် တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကိုနည်းလမ်းမျိုးစုံဖြင့် အားပေးဆောင်ရွက်နေကြသည့် အကျင့်ဆိုးကို တိုက်ဖျက်ရန်လိုကြောင်း၊ ၎င်းအကျင့်ဆိုးသည် ကုန်စျေးနှုန်းကြီးမြင့်မှုများနှင့် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအတွက်လည်း ဝင်ငွေများရရှိနေမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်လည်း ထိခိုက်စေနိုင်ကြောင်း၊ သို့ဖြစ်၍ တရားမဝင်ကုန်စည်စီးဆင်းမှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ထိခိုက်နစ်နာစေနိုင်သောကြောင့် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်ကာလအတွင်း အခက်အခဲအကျပ်အတည်းပေါင်းများစွာမှ ကြံ့ကြံ့ခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့ချိန်ကာလများအတွင်း နိုင်ငံတော်အတွက် သစ္စာရှိစွာဖြင့် လက်တွဲလုပ်ဆောင်ခဲ့မှုများအတွက် အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပြီး မိမိတို့၏တာဝန်ထမ်းဆောင်မှုများသည် နိုင်ငံတော်တွင် မှတ်ကျောက်တင်ခံခဲ့ကြမည်ဖြစ်ကြောင်း၊ နောင်လာမည့် အစိုးရအနေဖြင့် ယခုကဲ့သို့အခက်အခဲများ ကြုံတွေ့ရမှုမရှိစေရေးအတွက် မိမိတို့ တာဝန်ထမ်းဆောင်ခဲ့ရချိန်ကာလများအတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် အတွေ့အကြုံများကို ပြည့်ပြည့်စုံစုံဖြင့် ရေးသားဖော်ပြ၍ စနစ်တကျ လွှဲပြောင်းပေးသွားကြရန်လိုကြောင်းနှင့် ကောင်းမွန်သည့်လုပ်ဆောင်မှုများကို လက်ဆင့်ကမ်းပေးခဲ့ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၈ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်)
**တာဝန်မှ အနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်အား ကျန်းမာရေးအရ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၉ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )
**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒေါက်တာ စန္ဒာဦးအား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တာဝန်မှ အနားယူခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၀ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )
**တာဝန်မှအနားယူခွင့်ပြုခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးအား ကျန်းမာရေးအရ ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၁ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )
**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ ဦးမြတ်စံ အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၁၂ /၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် )
**ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးကျော်သောင်းအောင် | ချင်းပြည်နယ်တရားလွှတ်တော် |
| (၂) | ဦးအောင်မော် | ရှမ်းပြည်နယ်တရားလွှတ်တော် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ကျော်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆွေဆက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ်ခွဲ)<br>အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂)

**တတိယမြောက်ရွေးချယ်စရာလမ်းကြောင်းကတော့ အစိုးရဝန်ထမ်းအဖြစ် မလုပ်ကိုင်လိုဘဲ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကကဏ္ဍတွေမှာ ဝင်ရောက်လုပ်ကိုင်လိုသူတွေအတွက် အလုပ်သမားဝန်ကြီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးမယ့် အစီအစဉ်ပဲ ဖြစ်ပါတယ်။ ဒီအစီအစဉ်အရ အလုပ်သမားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ ပူးပေါင်းပြီး စစ်မှုထမ်းတာဝန်ပြီးဆုံးသူတွေကို ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ဦးစားပေးခန့်အပ်သွားမှာ ဖြစ်ပါတယ်။**

မင်းခန့်

တပ်မတော်ကနေ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဟောင်းတွေရဲ့ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနဲ့ မှန်ကန်တဲ့ စိတ်ဓာတ်ရေးရာတွေဟာ ပုဂ္ဂလိကလုပ်ငန်းခွင်တွေအတွက် အလွန်တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက သူတို့ကို ဝမ်းပန်းတသာ လိုလိုလားလား လက်ကမ်းကြိုဆိုလျက်ရှိပါတယ်။ ဒါ့အပြင် အလုပ်သမားဝန်ကြီးဌာနနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီတွေ ပူးပေါင်းပြီး ပြည်ပနိုင်ငံတွေကို အလုပ်သမားစေလွှတ်တဲ့နေရာမှာလည်း စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သူတွေကို အထူးဦးစားပေးစေလွှတ်သွားဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒုတိယနဲ့ တတိယလမ်းကြောင်းတွေကို ရွေးချယ်လိုကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက် **“စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”** က အထူးအစီအစဉ်တစ်ရပ်ကို စီစဉ်ပေးထားပါတယ်။ အဲဒီအစီအစဉ်ကတော့ အစိုးရဝန်ထမ်းအဖြစ်ဖြစ်စေ၊ ပုဂ္ဂလိကဝန်ထမ်းအဖြစ်ဖြစ်စေ ဝင်ရောက်လုပ်ကိုင်လိုသူတွေအနေနဲ့ မိမိတို့လုပ်ကိုင်မယ့်လုပ်ငန်းခွင်မှာ အထောက်အကူဖြစ်စေမယ့် ခိုင်မာတဲ့အတတ်ပညာတွေ တတ်မြောက်ထားဖို့အတွက် သင်တန်းတက်ရောက်ခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါတယ်။

### သင်တန်းပေါင်း ၁၀၀ ကျော်မှာ တက်ရောက်ခွင့်ရရှိနိုင်ရေး ပြင်ဆင်ထားပြီးဖြစ်

သူတို့တွေကို ဘက်စုံလွှမ်းခြုံနိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ စနစ်တကျ သင်ယူနိုင်အောင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနစတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ သင်တန်းကျောင်းတွေမှာ ဖွင့်လှစ်မယ့် သင်တန်းအမျိုးအစားပေါင်း ၁၀၀ ကျော်မှာ တက်ရောက်ခွင့်ရရှိနိုင်ရေးကိုလည်း အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

ဒီသင်တန်းတွေကို ကာလတို၊ ကာလလတ်နဲ့ ကာလရှည်ဆိုပြီး စနစ်တကျခွဲခြား သတ်မှတ်ပေးထားပါတယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေအနေနဲ့ကတော့ လျှပ်စစ်၊ စက်ပြင်၊ ဆောက်လုပ်ရေး၊ ဂဟေဆက်၊ ကွန်ပျူတာနဲ့ မိုဘိုင်းဖုန်းပြုပြင်ခြင်းစတဲ့ စက်မှုလက်မှုပညာရပ်တွေပါဝင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးမွေးမြူရေးနည်းပညာတွေ၊ ဟိုတယ်ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်တွေအထိ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ဒီသင်တန်းအများစုကို နိုင်ငံတော်ကနေ စရိတ်ငြိမ်း တာဝန်ယူသင်ကြားပေးသွားမှာဖြစ်ပြီး နေထိုင်စားသောက်ရေးကိုပါ တစ်ပါတည်းအခမဲ့စီစဉ်ပေးသွားမှာဖြစ်လို့ ပြည်သူ့စစ်မှုထမ်းလူငယ်တွေအနေနဲ့ ဘဝတိုးတက်ရေးအတွက်ကို လက်လွှတ်မခံသင့်တဲ့ အခွင့်အရေးကောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။



လျှော့ပေါ့ခွင့်ရရှိခဲ့သည့် တာဝန်ကျေပြည်သူ့စစ်မှုထမ်းများအား စစ်မှုထမ်းဆောင်ပြီးကြောင်း ဤသို့ လက်မှတ်ထုတ်ပေးခဲ့သည်။

ဒီသင်တန်းတွေရဲ့ အနှစ်သာရဟာ ရိုးရှင်းတဲ့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရုံသက်သက်ထက် များစွာပိုမိုနက်နဲကျယ်ပြန့်ပါတယ်။ နိုင်ငံတော်ကနေပြီး စနစ်တကျ စီစဉ်ပေးထားတဲ့ လေ့ကျင့်သင်ကြားရေးအစီအစဉ်တွေကို အောင်မြင်စွာပြီးမြောက်သွားမယ့် လူငယ်တွေဟာ သာမန်လုပ်သား (Unskilled Labours) အဆင့်ကနေ လုပ်ငန်းခွင်မှာ လက်တွေ့ကျကျ ဦးဆောင်နိုင်စွမ်းရှိတဲ့ တန်ဖိုးမြင့် ကျွမ်းကျင်လုပ်သား(Skilled Labours)တွေအဖြစ် ဘဝအဆင့်အတန်း မြင့်မားစွာ ကူးပြောင်း ရောက်ရှိသွားကြမှာ ဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ရည်မှန်းချက်တွေ အောင်မြင်ပေါက်မြောက်စေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအဆင့်ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)နဲ့ မဟာဗျူဟာမြောက်ချိတ်ဆက်ပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကာလရှည်သင်တန်းဆင်းသူတွေ လက်ဝယ်ပိုင်ဆိုင်ရရှိမယ့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် (Certificate of Recognition) တွေဟာ ပြည်တွင်းမှာသာမကဘဲ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းတွေနဲ့ပါ ကိုက်ညီမှုရှိစေဖို့ စနစ်တကျ ရေးဆွဲသတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့ ရည်မှန်းချက်ရှိသူတွေအတွက်လည်း ဒီအသိအမှတ်ပြုလက်မှတ်ဟာ နိုင်ငံတကာအလုပ်အကိုင်ဈေးကွက်ဆီကို ယုံကြည်မှုရှိရှိ ဝင်ရောက်နိုင်မယ့် အသိအမှတ်ပြုလက်မှတ်များကိုရရှိစေမှာ ဖြစ်ပါတယ်။

တစ်နေ့တခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ စက်မှုဇုန်တွေ၊ အရှိန်အဟုန်နဲ့ လည်ပတ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတွေနဲ့ ဝန်ဆောင်မှုကဏ္ဍအသီးသီးမှာ လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို ဘက်စုံလွှမ်းခြုံထားတဲ့ ဒီသင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေက အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့သူတို့တွေဟာ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားအတွက် အားအထားရဆုံးနဲ့ အဖိုးတန်ဆုံးသော လူသားအရင်းအမြစ်ကောင်းတွေ ဖြစ်လာကြမှာကတော့ အသေအချာပဲ ဖြစ်ပါတယ်။

### လိုအပ်မယ့် အရင်းအနှီးနဲ့ ချေးငွေတွေ၊ နည်းပညာတွေ ပံ့ပိုးသွားမှာဖြစ်

**စတုတ္ထနဲ့ နောက်ဆုံးလမ်းကြောင်းကတော့ စစ်သားကြီးလည်းမလုပ်ချင်၊ အစိုးရဝန်ထမ်းလည်း** မလုပ်ချင်ဘဲ မိမိတို့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေကို ပြန်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူတွေကိုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က အလုပ်အကိုင်အခွင့်အလမ်းများ ကူညီဖန်တီးပေးဖို့ အသင့်စောင့်ကြိုလျက်ရှိပါတယ်။ စစ်မှုထမ်းဆောင်မှု တာဝန်ကျေပွန်သူတွေအနေနဲ့ မိမိတို့ရဲ့ရပ်ရွာကို ပြန်လည်ရောက်ရှိချိန်မှာ ယခင် လက်ငုတ်လက်ရင်း အလုပ်အကိုင်သာမက လုပ်ငန်းအသစ် စတင်လုပ်ကိုင်လိုသူများအနေနဲ့ လိုအပ်မယ့် အရင်းအနှီးနဲ့ ချေးငွေတွေကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတ်မှတ်ချက်နဲ့အညီ ထုတ်ချေးပေးမှာဖြစ်သလို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာတွေကို ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကြားသိရပါတယ်။

ဒီလို သတ်မှတ်ကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့ အနာဂတ်ခရီးလမ်းကို ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို သတ်မှတ်ကာလအတွင်း ကာကွယ်ရေးတာဝန်တွေကိုထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက်ကိုလည်း လိုအပ်တဲ့ ဆေးဝါးကုသမှုတွေကို အပြည့်အဝ တာဝန်ယူကုသပေးလျက်ရှိပါတယ်။

ဆေးရုံတက်ရောက်ကုသနေစဉ် ကာလတစ်လျှောက်လုံးမှာ သူတို့ကို စစ်မှုထမ်းအဖြစ်ဆက်လက်သတ်မှတ်ထားပြီး လစာနဲ့စရိတ် ခံစားခွင့်တွေကို တစ်ပြားတစ်ချပ်မှ လျှော့နည်းသွားခြင်းမရှိစေဘဲ အပြည့်အဝခံစားခွင့်ပြုထားပါတယ်။ ဒါ့အပြင် သူတို့ရဲ့ကျန်းမာရေးအခြေအနေနဲ့ ကိုက်ညီမှုရှိမယ့် ကွန်ပျူတာ၊ စက်ချုပ်၊ ဆံသနဲ့ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ခြင်း စတဲ့လက်တွေ့အသုံးဝင်မယ့် အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကိုလည်း သင်ကြားပေးပြီး ဘဝရပ်တည်မှု ခိုင်မာစေဖို့ စနစ်တကျစီမံပေးလျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်စက်ရုံတွေ၊ ကုမ္ပဏီတွေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှာ သူတို့ကျွမ်းကျင်မှုနဲ့ ကိုက်ညီမယ့်နေရာတွေမှာ ရွေးချယ်ပြီး တာဝန်ပေးခန့်အပ်သွားမှာဖြစ်တယ်လို့လည်း ကြားသိရပါတယ်။

ဒီလိုမျိုး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကနေ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်ချိန်ကစလို့ တာဝန်ပြီးဆုံးပြီး အိမ်အပြန် အနာဂတ်ခရီးလမ်းအထိ အစစအရာရာ စနစ်တကျ စီမံဆောင်ရွက်ပေးမှုတွေအပေါ် **ပြည်သူ့စစ်မှုထမ်းဟောင်းတွေအနေနဲ့ အထူးပဲ ကျေနပ်ဂုဏ်ယူကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အမှန်စင်စစ်မှာတော့ ပြည်သူ့စစ်မှုထမ်းတွေဟာ သာမန်အရပ်သား လူငယ်ဘဝကနေ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စုရပ်တွေက တစ်ဆင့် မွန်မြတ်လှတဲ့ တပ်မတော်သားဘဝကို ရောက်ရှိလာခဲ့ကြတာပဲ ဖြစ်ပါတယ်။**

အဲဒီကနေတစ်ဆင့် စနစ်ကျတဲ့ ပြုစုပျိုးထောင်လေ့ကျင့်ပေးမှုတွေနဲ့အတူ အခက်အခဲတွေကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရင်း တပ်မတော်သားတွေရဲ့ ပင်ပန်းဆင်းရဲမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှုနဲ့ ပေးဆပ်စွန့်လွှတ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ကြုံနားလည်ခဲ့ကြပြီပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေအဖြစ်နဲ့ မိမိတို့ရဲ့ ဇာတိမြို့ရွာတွေကို ပြန်လည်ရောက်ရှိချိန်မှာ အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုကိုတည်ဆောက်ပေးမယ့် ခိုင်မာတဲ့ အင်အားတစ်ရပ်အနေနဲ့ ဂုဏ်ယူဖွယ် ပေါ်ထွန်းလာတော့မှာဖြစ်သလို လူမှုပတ်ဝန်းကျင်အလယ် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ကြတော့မှာ ဖြစ်ပါတယ်။

### ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခုဖြစ်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က စတင်အသက်သွင်းခဲ့တဲ့ ဒီဥပဒေဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ တပ်မတော်သမိုင်းအတွက် ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီလိုဂုဏ်ယူဖွယ် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဟာ မကြာမီ အိမ်ပြန်လာကျတော့မယ့်

*စာမျက်နှာ ၇ သို့*

**“စတုတ္ထနဲ့ နောက်ဆုံးလမ်းကြောင်းကတော့ စစ်သားကြီးလည်းမလုပ်ချင်၊ အစိုးရဝန်ထမ်းလည်း မလုပ်ချင်ဘဲ မိမိတို့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေကိုပြန်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူတွေကိုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က အလုပ်အကိုင်အခွင့်အလမ်းများ ကူညီဖန်တီးပေးဖို့ အသင့်စောင့်ကြိုလျက်ရှိပါတယ်”**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ရန်ကုန်မြို့အခြေစိုက် သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့အခြေစိုက် သီရိလင်္ကာသံအမတ်ကြီး H.E. Ms. Prabashini Ponnamperuma အား ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရေးဆိုင်ရာကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၀**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ ပြည်ထောင်စု ဝန်ကြီးဌာန အဖွဲ့အစည်းများတွင် ဖွင့်လှစ်သည့်သင်တန်းများ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကော်မရှင်ရုံး ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ (၁၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများတွင် ဖွင့်လှစ်သည့် သင်တန်းများ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကော်မရှင်ရုံး ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ဝန်ထမ်းများ၏ အခက်အခဲများကို တတ်နိုင်သည့်ဘက်က စဉ်းစားဖြေရှင်းပေးနေပြီး ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်အောင် ဖန်တီးဆောင်ရွက်ပေးလျက်ရှိရာ ဝန်ထမ်းများအနေဖြင့် ဝင်ငွေနှင့် ထွက်ငွေမျှအောင် သုံးစွဲကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ဌာနတွင်း စွမ်းဆောင်ရည် မြင့်မားရေးအတွက် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာ ဗဟုသုတများကို လက်တွေ့အသုံးချရန် လိုအပ်ကြောင်း၊ အသိပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် လက်တွေ့ဆောင်ရွက်ချက်များကို ပေါင်းစပ်လုပ်ဆောင်နိုင်မှသာ အပြုသဘောဆောင်သည့် ပြောင်းလဲမှုအသစ်များ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စုပေါင်းစွမ်းအားဖြင့် ဌာန၊ အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရာ၌ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများတွင် ဖွင့်လှစ်သည့် သင်တန်းများ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကော်မရှင်ရုံး ဝန်ထမ်းများအား ဆုများချီးမြှင့်ခြင်းနှင့် ဗလာမပါ ကံစမ်းမဲ ဖောက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

*စာမျက်နှာ ၆ မှ*

နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းလူငယ်တွေရဲ့ ကြီးမားလှတဲ့ စွမ်းဆောင်ချက်တွေကြောင့်ဆိုတာကို နိုင်ငံသားအားလုံးက ဂုဏ်ယူဝမ်းမြောက်စွာ အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်ကျင့်သုံးချိန်က နိုင်ငံတော်နဲ့ တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေရဲ့ အပြုသဘောမဆောင်တဲ့ ဝေဖန်နှောင့်ယှက်မှုတွေကို အောင်ပွဲနဲ့အတူ အိမ်ပြန်လာကြမယ့် ပြည်သူ့စစ်မှုထမ်းတွေက အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်း စစ်သည်တော်တွေရဲ့ ရဲစွမ်းသတ္တိနဲ့ စိတ်ဓာတ်ခိုင်မာမှုကို အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့တွေအနေနဲ့ လက်တွေ့စစ်မြေပြင်မှာ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသူတွေဟာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်တွေကို နှောင့်နှေးဟန့်တားလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အခြေအမြစ်မရှိတဲ့သတင်းတွေဖြစ်တဲ့ ပြည်သူ့စစ်မှုထမ်းတက်ရောက်ဖို့ လူငယ်တွေကို အတင်းအဓမ္မဖမ်းယူခြင်းဆိုတဲ့ သတင်းအမှား၊ တာဝန်ပြီးဆုံးတဲ့ပြည်သူ့စစ်မှုထမ်းတွေကို အတင်းအဓမ္မ တာဝန်ထမ်းဆောင်စေခြင်းနဲ့ အမျိုးသမီးစစ်မှုထမ်း စာရင်းကောက်ယူခြင်းတွေဆိုတဲ့ သတင်းအတုတွေနဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် လှုံ့ဆော်နှောင့်ယှက်လျက်ရှိပါတယ်။

> **“ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ပေးနိုင်ရုံသာမက အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ကြတဲ့ တာဝန်ကျေတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေဟာ မကြာမီအချိန်အတွင်း အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေဆီကို ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍအသီးသီးမှာ ခွန်အားသစ်တွေအဖြစ် တက်ကြွစွာပါဝင်လာကြတော့မှာဖြစ်”**

ဒီလိုဝေဖန်ထိုးနှက် နှောင့်ယှက်မှုတွေကြားက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့တဲ့ လူငယ်တွေဟာ နိုင်ငံတော်ရဲ့ သမိုင်းစာမျက်နှာသစ်ကို ရဲရဲဝံ့ဝံ့ဖွင့်လှစ်ခဲ့ကြသူတွေဖြစ်ကြပါတယ်။ နှစ်နှစ်တာကာလအတွင်း သူတို့ရရှိခဲ့တဲ့ ရှားပါးလှတဲ့ အတွေ့အကြုံ၊ သံမဏိလိုမျိုးစည်းကမ်းနဲ့ ကြံ့ခိုင်တဲ့ စိတ်ဓာတ်ခွန်အားတွေဟာ နောင်တစ်ချိန် သူတို့ရဲ့ ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်လောက်တဲ့ အရင်းအနှီးတွေဖြစ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ခိုင်မာတိကျတဲ့ အလုပ်အကိုင်ဖန်တီးပေးရေးစီမံချက်တွေ၊ လက်တွေ့ကျတဲ့အသက်မွေးဝမ်းကျောင်း သင်တန်းတွေအပြင် တိကျခိုင်မာတဲ့မူဝါဒတွေနဲ့ပါ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းတွေအတွက် အိမ်အပြန် ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်းကောင်းကို သာယာဖြောင့်ဖြူးစွာနဲ့ လျှောက်လှမ်းနိုင်ဖို့ ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ပေးနိုင်ရုံသာမက အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ကြတဲ့ တာဝန်ကျေတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေဟာ မကြာမီအချိန်အတွင်း အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေဆီကို ဂုဏ်ယူဝင့်ကြွားစွာ ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍအသီးသီးမှာ ခွန်အားသစ်တွေအဖြစ် တက်ကြွစွာ ပါဝင်လာကြတော့မှာဖြစ်ပါကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများနှင့် လျှောင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် မတ် ၁၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိ မြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာအထိ ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အမှိုက်များရှင်းလင်းရေး၊ ရေမြောင်းများ သတ်မှတ်အတိုင်းအတာအတိုင်း တူးဖော်ရေးနှင့် ရေထုတ်ပြွန်များ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပျဉ်းမနားမြို့ရှောင်လမ်းမကြီး လမ်းဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းလယ်ကျွန်း မြက်ခင်းပြင်များ စိမ်းလန်းစိုပြည်ရေး မှာကြားသည်။

ယင်းနောက် လျှောင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဥပ္ပါတသန္တိစေတီရင်ပြင်တော်နှင့် ပရိဝုဏ်ပြန်လည်ပြုပြင်နေမှု၊ မူလရင်ပြင်တော်ကြမ်းခင်းတူးပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေရှည်ခိုင်ခံ့အောင် ဆောင်ရွက်ရေး၊ နည်းပညာပိုင်းဆိုင်ရာ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး မှာကြားသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# (၃၅)ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့ တက်ရောက်

**နေပြည်တော် မတ် ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် ဖိလစ်ပိုင်နိုင်ငံက ကြီးမှူး၍ ၂၀၂၆ ခုနှစ် မတ် ၃ ရက်မှ ၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ Makati မြို့၌ ကျင်းပခဲ့သည့် (၃၅) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေး (The 35th Meeting of the ASEAN Socio-Cultural Community (ASCC) Council) သို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဒုတိယ အတွင်းရေးမှူးချုပ်၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အဓိကရည်ရွယ်၍ အာဆီယံ ပြည်သူများအား လုပ်ပိုင်ခွင့်တာဝန်ပေး၍ စုပေါင်းတာဝန်ရှိမှုကို ဦးစားပေးကဏ္ဍအဖြစ် ဆောင်ရွက်ရာတွင် အပြုသဘောဆောင်သည့် အားလုံးအတွက် အကျိုးရှိမည့် ဖွံ့ဖြိုးတိုးတက်မှု ကြံ့ကြံ့ခံမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ဆောင်ရွက်ရေး၊ ကြံ့ကြံ့ခံနိုင်ရည်ရှိပြီး စွမ်းဆောင်ရည်ရှိသည့် အာဆီယံ၏ မိသားစုဝင်များဖြစ်လာအောင် ဦးစားပေးဆောင်ရွက်ရေး၊ ခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ကူညီပံ့ပိုးမှုစနစ်များ ရရှိရေး၊ 'အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု' (Inclusive Development) ကို တစိုက်မတ်မတ် အလေးအနက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ထူးချွန်ထက်မြက်ပြီး တီထွင်ဆန်းသစ်မှုရှိသည့် လူငယ်များ (Smart Youth and Innovation) ကို မွေးထုတ်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် အနာဂတ်တွင် လုံခြုံစိတ်ချရသည့် အစားအသောက်များ ရရှိရေးတို့အတွက် ဦးစားပေးလုပ်ငန်းစဉ်များ သတ်မှတ်ရန် ရည်ရွယ် ကျင်းပခဲ့ခြင်းဖြစ်သည်။

မတ် ၃ ရက်တွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ Makati မြို့သို့ ရောက်ရှိပြီး Peninsula Manila Hotel ၌ ကျင်းပပြုလုပ်သည့် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့သည်။



မတ် ၄ ရက်တွင် ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင်နိုင်ငံက လက်ခံကျင်းပသည့် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း အဆင့်မြင့်ဖိုရမ် (၂၀၂၆) (ASEAN Socio-Cultural Community High-Level Forum 2026)သို့ တက်ရောက်ခဲ့သည်။

**အဆိုပါ ဖိုရမ်တွင် Panel နှစ်ခုဖြင့် ဆွေးနွေးမှုများပါဝင်ရာ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ ကိုယ်စားပြု ဆွေးနွေးသူအဖြစ် "ယဉ်ကျေးမှု၊ စံတန်ဖိုးထားမှုများနှင့် လူမှုသဟဇာတဖြစ်မှုသည် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အာဆီယံ၏ လူမှုပေါင်းစည်း ယှက်နွယ်မှုကို ခိုင်မာစေခြင်း"** ခေါင်းစဉ် (Culture, Values, and Social Harmony: Strengthening ASEAN's Social Fabric through Cross - Sectoral engagement)ဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး ကြေညာချက်ကို အခြားအာဆီယံနိုင်ငံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ဝန်ကြီးများနှင့်အတူ လက်ခံခဲ့သည်။

ညနေပိုင်းတွင် အာဆီယံအလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးက တည်ခင်းသည့် ကြိုဆိုညစာစားပွဲ သို့ တက်ရောက်ခဲ့သည်။

မတ် ၅ ရက်တွင် ဒုတိယဝန်ကြီးသည် (၃၅) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများ အဆင့် အစည်းအဝေး (The 35th Meeting of the ASEAN Socio-Cultural Community (ASCC) Council) သို့ တက်ရောက်ပြီး အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း၏ မဟာဗျူဟာ လားရာနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် အမြင်သဘောထားများကိုဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံ၏ အမြင်သဘောထားများကို ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် National Museum of Natural History ၌ အာဆီယံအလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးက တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ညစာစားပွဲ အပြီးတွင် ဖိလစ်ပိုင်နိုင်ငံ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးက အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ ဝန်ကြီးများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဂုဏ်ပြုညစာစားပွဲ မတိုင်မီ ဒုတိယဝန်ကြီးသည် National Museum of Natural History ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

မတ် ၆ ရက်တွင် ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုလေ့လာရေးခရီးစဉ် (Culture Visit) အဖြစ် ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြစ်သည့် Fort Santiago, Rizal Park နှင့် Intramuros များသို့ သွားရောက်လေ့လာခဲ့ပြီး မတ် ၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်းလှမြို့၌ Township Level Contact Investigation and TPT Training သင်တန်းဖွင့်

**အထက်မင်းလှ မတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော Township Level Contact Investigation and TPT Training သင်တန်းကို ယမန်နေ့က မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုး၊ မကွေးတိုင်းဒေသကြီး TB အဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်မျိုးဦးနှင့်အဖွဲ့က Township Level Contact Investigation and TPT Training သင်တန်းကို ပို့ချပေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၆ ခုနှစ် စာအောင်ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

**ထားဝယ် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး ကျင်းပသည့် ၂၀၂၆ ခုနှစ် စာအောင်ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား စာအောင်ဆုနှင်း သဘင်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ထားဝယ် မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပရာ ပင့်သံဃာ ဆရာတော်ကြီးများနှင့် ဓမ္မာစရိယ၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ စာအောင်ရဟန်း၊ သာမဏေများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြ သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ် များက ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူ သော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူ ကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တာဝန် ရှိသူများနှင့်အတူ ဆရာတော် သံဃာတော်အရှင်သူ မြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ထားဝယ်စာဖြေဌာနမှ အောင်မြင်တော်မူသည့် ဓမ္မာစရိယ(ကျမ်းပြီး) နှစ်ပါး၊ ပထမကြီးတန်းနှစ်ပါး၊ ပထမလတ်တန်း နှစ်ပါး၊ ပထမငယ်တန်း ရှစ်ပါး၊ အခြေပြုမူလတန်း ၂၉ ပါး၊ အဘိဓမ္မာအထူးအောင် နှစ်ဦးတို့အား အောင်လက်မှတ်၊ စာအောင်ဆုနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံ မှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ထို့အတူ မြိတ်စာဖြေဌာနမှ အောင်မြင်တော်မူ သည့် ဓမ္မာစရိယ(ကျမ်းပြီး) နှစ်ပါး၊ ပထမကြီးတန်း နှစ်ပါး၊ ပထမငယ်တန်း ၂၄ ပါး၊ အခြေပြု မူလတန်း ၃၇ ပါးနှင့် အဘိဓမ္မာအထူးအောင် လူပုဂ္ဂိုလ် တစ်ဦး၊ ဂုဏ်ထူးဆောင် အထူးအောင် လူပုဂ္ဂိုလ် တစ်ဦး၊



ပုလောစာဖြေဌာနမှ ဝိသုဒ္ဓိမဂ် အထူးအောင် လူပုဂ္ဂိုလ် နှစ်ဦး စုစုပေါင်း ၁၆၂ ပါး၊ ဦးကို လည်းကောင်း၊ ကော့သောင်းစာဖြေဌာနမှ အောင်မြင်တော်မူသည့် ပထမလတ်တန်း နှစ်ပါး၊ ပထမငယ်တန်း တစ်ပါး၊ အခြေပြု မူလတန်း ငါးပါး စုစုပေါင်း ရှစ်ပါးကိုလည်း ကောင်း အောင်လက်မှတ်၊ စာအောင်ဆုနှင့် အလှူငွေ များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ခုနှစ် နွေရာသီလူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲတက်ရောက်

**စစ်တွေ မတ် ၁၀**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် နွေရာသီလူငယ်ရေးရာ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမ ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နှင့်ဇနီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ များ၊ ဆရာ ဆရာမများ၊ သင်တန်း သား သင်တန်းသူများ၊ ကျောင်းသား



ကျောင်းသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြ ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက နွေရာသီ လူငယ် ရေးရာဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သင်တန်းကို ဖွင့်လှစ် ပေးသည်။

ထို့နောက် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် အေရိုးဗစ်အဖွဲ့ တို့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှု အားပေးကြပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်က အားလပ်ချိန်တွင် မိမိတို့၏ အရည်အသွေး မြှင့်တင်ပေးရေး ဆောင်ရွက်ကြရန်နှင့် အနာဂတ် တွင် ဦးဆောင်နိုင်သည့် လူငယ် များဖြစ်အောင် ကြိုးစားကြရန် အမှာစကားပြောကြားပြီး နွေရာသီ လူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သင်တန်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်၍ Fitness Dances ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်သည် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ စစ်တွေမြို့ပေါ်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးမည့် စာစစ်ဌာနများဖြစ် သည့် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်း ကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာအထက်တန်း ကျောင်း စာစစ်ဌာနများသို့ သွားရောက်ပြီး တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနိုင်ရန် စာသင်ခန်း များ စနစ်တကျ ဆောင်ရွက်ထားမှု ကိုကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာ စွာ စာမေးပွဲဖြေဆိုနိုင်ရန် ပူးပေါင်း ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုဆိုင်ရာ စံနှုန်းများ မိတ်ဆက်ခြင်းနည်းလမ်းနှင့် လုပ်ထုံးလုပ်နည်းများ ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် မတ် ၁၀**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ငွေကြေးခဝါချမှု ဆိုင်ရာစံနှုန်းများ မိတ်ဆက်ခြင်းနည်းလမ်းနှင့် လုပ်ထုံးလုပ်နည်းများ ဆင့်ပွားသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေး စေတီလမ်း ရွှေဂုံတိုင်ရှိ KBA Hotel ၌ ယနေ့ဖွင့်လှစ်သည်။

သင်တန်းတွင် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ကမာရွတ်ခရိုင်ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှ ဒုတိယ ဥက္ကဋ္ဌ ရန်ကုန်တိုင်းတာဝန်ခံ ဒုတိယဥက္ကဋ္ဌ ဦးလှုဟန်က ရှေ့လုပ်ငန်းစဉ် များကို ပြောကြားကာ အထွေထွေအတွင်းရေးမှူးချုပ် ဦးမောင်အေးက လက်ရှိအသင်း၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှ ဖွင့်လှစ် သင်ကြားပေးသည့် အိမ်ခြံမြေသင်တန်း တက်ရောက်လိုသူများသည် ပန်းဆိုးတန်းအသင်းရုံးခန်းသို့ အသင်းဝင်ရောက်ကာ တက်ရောက် နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မြစ်သားမြို့နယ်၌ တောင်သူစိုက်ပျိုးရေး နည်းပညာပေးဆွေးနွေး

**မြစ်သား မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခုနှစ် နွေသီးနှံ (ပဲတီစိမ်း၊ မြေပဲ၊ နေကြာ) မျိုးကောင်းမျိုး သန့်သုံးစွဲနိုင်ရေး၊ မြေဆီဩဇာထက်သန်ရေးလိုက်နာ ဆောင်ရွက်ရမည့် အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်ရွယ်၍ နွေသီးနှံ စိုက်ပျိုးမည့်တောင်သူများအား တောင်သူစိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲနှင့်သွင်းအားစုပေးအပ်ပွဲကို မတ် ၁၀ ရက်က ကူမဲမြို့ ကူမဲ နည်းပညာပေးစင်တာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး ကျောက်ဆည် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင် ငြိမ်းထွေးက သွင်းအားစုပစ္စည်းများ ပေးအပ်ရခြင်းအကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က (ပဲတီစိမ်း၊ မြေပဲ၊ နေကြာ)မျိုးစေ့များနှင့် နွေစပါး၊ ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ပိုး နည်းစနစ် စသည့် အချက်များကို အခြေခံကာ တောင်သူများအား ပညာပေးဆွေးနွေး



ဖလှယ်စေခြင်းစသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများအား သွင်းအားစု ပစ္စည်းများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေး၊ ပဲတီစိမ်းမျိုးစေ့၊ မြေပဲ၊ နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

**လျှပ်စစ်ဓာတ်အား ချွေတာရေး နည်းလမ်းများ**

- ❄ ရုံးချိန်အတွင်း အလင်းရောင်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှု လျှော့ချရန်။
- ❄ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက်သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။

ကမ္ဘာ့မျက်မှောက်ရေးရာအဖြာဖြာမှ ရယူအပ်ရာ သင်ခန်းစာများ

# စွမ်းအင်စစ်ပွဲ၊ ကမ္ဘာ့စွမ်းအင်ငတ်မွတ်မှုမှသည် မဖြစ်မနေ စွမ်းအင်ချွေတာမှုဆီသို့

မြင့်မြတ်

လက်ရှိဖြစ်ပွားနေတဲ့ အီရန် – အမေရိကန် – အစ္စရေး စစ်ပွဲက ဒုတိယအပတ်ထဲကို ရောက်ရှိခဲ့ပါပြီ။ ဒါပေမယ့် စစ်ပွဲမှာ အပြန်အလှန်တိုက်ခိုက်နေကြတဲ့ ခေါင်းဆောင်အားလုံးက စေ့စပ်ဆွေးနွေးပြီး စစ်ကို ပြေငြိမ်းဖို့ ဆန္ဒရှိဟန် မတူသေးပါဘူး။ မတူသော အကျိုးစီးပွားတွေ အားပြိုင်မှုကနေ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အလုံးစုံပျက်စီးစေဖို့အထိ၊ ခေါင်းဆောင်တွေကို သတ်ဖြတ်ပစ်တဲ့အထိ အခြေအနေတွေက ထိန်းမနိုင်သိမ်းမရ တင်းမာနေဆဲဖြစ်ပါတယ်။ ဒီအခြေအနေမှာ နှစ်ဖက် ရေနံချက်စက်ရုံ သိုလှောင်ကန်တွေ၊ ရေနံသန့်စင်စက်ရုံတွေကို အပြင်းအထန်ဖုံးကြဲပစ်ခတ်ကြခြင်းဖြင့် တကယ့်စွမ်းအင်စစ်ပွဲ အသွင်တစ်ရပ်ဆီကို ရောက်ရှိခဲ့ရပါပြီ။

## စွမ်းအင်စစ်ပွဲသဏ္ဍာန်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများ

စစ်ပွဲစတင်ကတည်းက ပင်လယ်ကွေ့မှာ ဖြစ်နေတဲ့ ကမ္ဘာ့စွမ်းအင်လမ်းကြောင်း ပြဿနာက စစ်ပွဲကြီး မပြီးနိုင်ခင်မှာပဲ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းတစ်ခုအဖြစ်ကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဦးတည်နေတဲ့အတွက် တကယ်တမ်းစစ်ရဲ့ အရှုံးအမြတ်ဆိုတာက ဘာလဲ၊ ဘယ်လဲ။ ရှုပ်ထွေးမှုတွေနဲ့ အကျပ်အတည်းတွေ ဖြစ်လာခဲ့ရပါတယ်။

ပါဝါအားကိုးနဲ့ လေးရက်နဲ့ အပြတ်ဖြတ်မယ်ဆိုတဲ့ ကြွားလုံးတွေကနေ တစ်ဖက်က ခြောက်လအထိတောင် စစ်တိုက်နိုင်တယ်ဆိုတဲ့ တုံ့ပြန်မှုတွေဖြစ်လာရပြီ။ ဆိုလိုတာက စစ်ပွဲဟာ အတိုင်းအဆမဲ့ ကြာရှည်သွားနိုင်ပါတယ်။ စစ်မြေပြင်မှာ စစ်ပွဲအရှုံးအမြတ် မြင်ရဖို့ထက် အရှေ့အလယ်ပိုင်းက စွမ်းအင်ကဏ္ဍတစ်ခုလုံးကို တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်တိုက်ခိုက်ဖျက်ဆီးခြင်းတွေကိုသာ တွေ့လာရတယ်။ စွမ်းအင်စစ်ပွဲကနေ ကမ္ဘာ့စီးပွားပျက်ကပ်တစ်ခုဆီ တဖြည်းဖြည်းဦးတည်နေတဲ့အခြေအနေမှာ ရေရှည်အမြော်အမြင်နဲ့ နိုင်ငံရဲ့ စွမ်းအင်လုံခြုံမှုအတွက် မိမိတို့ နိုင်ငံသားတစ်ဦးချင်းမှာ ဘယ်လို ခံယူထားသင့်ပါသလဲ၊ ဘာလုပ်သင့်ပါသလဲ၊ ဘက်စုံအမြင်နဲ့ ကြိုတင်ပြင်ဆင်နေရမှာ ဖြစ်ပါတယ်။

လက်ရှိမှာ ကာတာနိုင်ငံက သဘာဝဓာတ်ငွေ့အရည်(LNG) ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ရာကနေ သူ့နိုင်ငံရဲ့ စွမ်းအင်တင်ပို့မှု ပြတ်တောက်သွားပြီး ကျန်ပင်လယ်ကွေ့ နိုင်ငံအားလုံးကပါ စွမ်းအင်တင်ပို့မှုကို ရပ်ဆိုင်းမယ့်အခြေအနေတွေ ဖြစ်လာနိုင်ကြောင်း ခန့်မှန်းနေကြပါတယ်။ အကြောင်းက စစ်ပွဲကြောင့် ပင်လယ်ရေကြောင်းလမ်း ပိတ်ဆို့ခံရပြီး ရေနံဈေးနှုန်းတွေ တစ်ရှိန်ထိုး မြင့်တက်လာနေခြင်းကြောင့်ပါ။ စွမ်းအင်အကျပ်အတည်းကြောင့် ကမ္ဘာ့နိုင်ငံတွေရဲ့ GDP ကျဆင်းရာက စီးပွားရေးကို ဆိုးဆိုးရွားရွား ထိခိုက်လာပြီး ကမ္ဘာ့စီးပွားပျက်ကပ်အထိ ဆိုက်ရောက်သွားနိုင်ကြောင်း ခန့်မှန်းချက်တွေ တရစပ်တိုးပွားလာနေပါတယ်။

“ စွမ်းအင်ပြတ်တောက်မှုကနေ ကမ္ဘာ့ကုန်သွယ်မှု ထိခိုက်မယ်၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ အကြီးအကျယ်ထိခိုက်မယ်၊ ကုန်ပစ္စည်းတွေ ပြတ်လပ်လာမယ်၊ ကုန်ကြမ်းပြတ်လပ်ရင် ကုန်ထုတ်လုပ်မှုရပ်ဆိုင်းမယ်၊ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းမယ်၊ ပြည်ပတင်ပို့မှု ရပ်ဆိုင်းပြီး နိုင်ငံခြားသုံးငွေ ပြတ်လပ်မယ်၊ ဒေါ်လာဈေးကွက်၊ ကမ္ဘာ့ရွှေဈေးကွက် ထိခိုက်မယ်၊ ဘတ်ဂျက်အကျပ်အတည်းဖြစ်မယ်၊ စက်ရုံတွေ ပိတ်ရမယ်၊ စားရေရိက္ခာအကျပ်အတည်းတွေ ရှိလာမယ်၊ စားသုံးသူများရဲ့သုံးစွဲမှု လျော့ကျလာပြီး လူတွေရဲ့ နေ့စဉ်လူမှုဘဝတွေ ထိခိုက်မှုရှိလာမယ်။ ဒါကြောင့်လည်း ကမ္ဘာ့နိုင်ငံများဟာ မိမိတို့ပိုင်ဆိုင်တဲ့ စွမ်းအင်အရင်းအမြစ်တွေ ဆုံးရှုံးသွားမှာ၊ စွမ်းအင်ငတ်မွတ်မှုဘေးကြီးဖြစ်လာမှာကို ထိတ်လန့်လာနေခြင်းဖြစ်ပါတယ် ”

**စွမ်းအင်ပြတ်တောက်မှုကနေ ကမ္ဘာ့ကုန်သွယ်မှု ထိခိုက်မယ်၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ အကြီးအကျယ် ထိခိုက်မယ်၊ ကုန်ပစ္စည်းတွေ ပြတ်လပ်လာမယ်၊ ကုန်ကြမ်းပြတ်လပ်ရင် ကုန်ထုတ်လုပ်မှု ရပ်ဆိုင်းမယ်၊ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းမယ်၊ ပြည်ပတင်ပို့မှု ရပ်ဆိုင်းပြီး နိုင်ငံခြားသုံးငွေ ပြတ်လပ်မယ်၊ ဒေါ်လာဈေးကွက်၊ ကမ္ဘာ့ရွှေဈေးကွက် ထိခိုက်မယ်၊ ဘတ်ဂျက်အကျပ်အတည်းဖြစ်မယ်၊ စက်ရုံတွေ ပိတ်ရမယ်၊ စားရေရိက္ခာအကျပ်အတည်းတွေ ရှိလာမယ်၊ စားသုံးသူများရဲ့ သုံးစွဲမှုလျော့ကျလာပြီး လူတွေရဲ့ နေ့စဉ်လူမှုဘဝတွေ ထိခိုက်မှုရှိလာမယ်။ ဒါကြောင့်လည်း ကမ္ဘာ့နိုင်ငံများဟာ မိမိတို့ပိုင်ဆိုင်တဲ့ စွမ်းအင်အရင်းအမြစ်တွေ ဆုံးရှုံးသွားမှာ၊ စွမ်းအင်ငတ်မွတ်မှုဘေးကြီး ဖြစ်လာမှာကို ထိတ်လန့်လာနေခြင်း ဖြစ်ပါတယ်။**

## မတူကွဲပြားကျင့်သုံးမှုနည်းလမ်းများ မည်သို့ရှိစေ

နိုင်ငံတစ်နိုင်ငံချင်းစီ စီးပွားပျက်ရာကနေ ကမ္ဘာ့ငွေကြေးဖောင်းပွမှုဖြစ်မယ်၊ ကမ္ဘာ့ငွေကြေးဈေးကွက်ပျက်စီး၊ နောက်ဆုံးကမ္ဘာလုံးဆိုင်ရာ စီးပွားပျက်ကပ်အထိ ဦးတည်သွားနိုင်တဲ့ အခြေအနေပါ။ ဒါကြောင့် ကမ္ဘာ့မိသားစုထဲက မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အခြေအနေကို မျက်ခြည်မပြတ်ဘဲ မိမိနိုင်ငံ၊ မိမိနိုင်ငံသားတွေအတွက် စွမ်းအင်ဆိုင်ရာ လုံခြုံမှုရှိစေဖို့ ဘာတွေ ဆောင်ရွက်သင့်ပါသလဲ၊ ဘာတွေ ပြင်ဆင်ထားသင့်သလဲဆိုတဲ့ မေးခွန်းတွေ ရှိလာပါတယ်။

ကမ္ဘာပေါ်မှာ စက်သုံးဆီဈေးနှုန်း အတက်ကြမ်းလာတဲ့အတွက် ရည်ရွယ်ချက်က နိုင်ငံမှာ စက်သုံးဆီမပြတ်လပ်ဖို့နဲ့ စက်သုံးဆီလိုအပ်ချက် မြင့်မားမလာဖို့ အရေးကြီးလာတဲ့အခြေအနေကို ကိုင်တွယ်ဖြေရှင်းနေပါတယ်။ စက်သုံးဆီမပြတ်လပ်ဖို့ စက်သုံးဆီကို စနစ်တကျစီမံခန့်ခွဲဖို့ လိုအပ်ချက်နဲ့အညီ ဆောင်ရွက်နေပါတယ်။ ဒီနေရာမှာ ရေရှည်ကိုမျှော်ပြီး မော်တော်ယာဉ်မောင်းနှင်ခွင့်ကို ကန့်သတ်ခြင်းက နည်းလမ်းတစ်ခု ဖြစ်လာတယ်။

အချို့နိုင်ငံတွေမှာ စက်သုံးဆီ ရောင်းချခြင်းကို ခွဲတမ်းနဲ့ကန့်သတ်ကြသလို အချို့နိုင်ငံတွေမှာ မော်တော်ယာဉ်မမောင်းရနေ့တွေ သတ်မှတ်ပေးကြတယ်။ သူ့နည်းသူ့ဟန် မတူကွဲပြားတဲ့ ကျင့်သုံးမှုပုံစံတွေက သက်ဆိုင်ရာနိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ အမူအကျင့်နဲ့ ခံယူချက်၊ လူဦးရေနဲ့မော်တော်ယာဉ် သိပ်သည်းမှုပမာဏ၊ အများပြည်သူပိုင် သယ်ယူပို့ဆောင်ရေးစနစ် ကျင့်သုံးနိုင်မှု၊ ယာဉ်ကြောအနေအထားများအပေါ်မှာ မူတည်ပါတယ်။

## တစ်ဦးချင်းစီ၏ ခံယူထားရှိမှု

ဒါကြောင့် မြန်မာနိုင်ငံသားတွေအနေနဲ့လည်း နိုင်ငံတော်အစိုးရက ဘယ်နည်းလမ်းကို ကျင့်သုံးသည်ဖြစ်စေ အသိနဲ့ယှဉ်တဲ့ ခံယူချက်နဲ့ အပြည့်အဝလိုက်နာ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ အသိဆိုတာမှာ မိမိတစ်ကိုယ်ရေ ခြိုးခြံချွေတာခြင်း အသိမှသည် နိုင်ငံတစ်ဝန်း စွမ်းအင်ဖူလုံရေး၊ စားရေရိက္ခာ ဖူလုံရေးဆိုတဲ့ အမျိုးသားရေးနဲ့ယှဉ်တဲ့ အသိတရားအထိ ဖြစ်ပါတယ်။ မိမိတို့ရဲ့ နေထိုင်စားသောက်သွားလာမှုပုံစံကို အခြေအနေနဲ့အညီ လိုက်ပါပြောင်းလဲနိုင်ရပါမယ်။ နိုင်ငံကြီးသားစိတ်ဓာတ်နဲ့ တည်ဆောက်ထားတဲ့ လူမှုစီးပွားဘဝတစ်ခုဟာ နိုင်ငံသားအားလုံးရဲ့ နေ့စဉ်လူမှုစီးပွားဘဝတွေကို အဆင်ပြေချောမွေ့စေပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးအထိ ဆောင်ကြဉ်းပေးနိုင်ကြောင်း ခံယူထားရပါမယ်။

ဒါမှသာ နိုင်ငံသားတစ်ဦးချင်းစီမှာ ကိန်းအောင်းနေတဲ့ နိုင်ငံကြီးသားစိတ်ဓာတ်မျိုးနဲ့ ဘယ်လိုအကျပ်အတည်းမျိုးမဆို တည်တည်ငြိမ်ငြိမ် ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အထက်မှာ တင်ပြခဲ့တဲ့ ထူးခြားတဲ့ကမ္ဘာ့အခြေအနေများနဲ့ အကျပ်အတည်းမျိုးစုံဟာ နိုင်ငံငယ်တွေအပေါ်မှာ များစွာဂယက်ထနေပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံသားတွေ ကြုံတွေ့ခဲ့ရတဲ့ အတိတ်အခြေအနေအရပ်ရပ်ကို သင်ခန်းစာယူပြီး နိုင်ငံအတွင်းမှာ သယ်ယူပို့ဆောင်ရေး အခက်အခဲ၊ ကုန်ဈေးနှုန်း အတက်အကျနဲ့ အလွန်အမင်းစိုးရိမ်ထိတ်လန့်မှုမဖြစ်အောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရပါမယ်။ တစ်ခုခု ကြားတာနဲ့တစ်ပြိုင်နက် စိုးရိမ်ပူပန်မှုက ပထမ၊ အလုအယက် ဝိုင်းအုံတိုးဝှေ့ အုန်းအုန်းထထတ်တဲ့အကျင့်တွေကို ပြင်ရပါမယ်။

ဝိုင်းဝန်းပြီး ပူးပေါင်းပါဝင်ခြင်းဆိုတာ မိမိကိုယ်တိုင်က အတတ်နိုင်ဆုံး ခြိုးခြံချွေတာသုံးစွဲခြင်းကို ဆိုလိုပါတယ်။ ခြိုးခြံတယ်၊ ချွေတာတယ်ဆိုတာ အသုံးနဲ့ အဖြုန်းကို ဆင်ခြင်ခြင်း၊ အကျိုးရှိစွာ သုံးစွဲခြင်းဖြစ်ပြီး ပြည်သူတစ်ဦးတစ်ယောက်ချင်းရဲ့ ဉာဏ်နဲ့ယှဉ်တဲ့ တာဝန်တစ်ရပ်ဆိုလည်း ဟုတ်ပါလိမ့်မယ်။ အသိနဲ့ယှဉ်တဲ့ ခြိုးခြံချွေတာခြင်း တာဝန်တစ်ရပ်ဟာ အသက်ရှင်နေသမျှ ရုန်းကန်ရင်ဆိုင်ရမယ့် ယခုလိုကာလမျိုးမှာ ပိုအရေးကြီးလာပါတယ်။

ယခုဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းက စစ်ပွဲက မပြီးဆုံးသေးပါဘူး။ တစ်ခုပြီးရင် တစ်ခုဆက်ဖြစ်မယ့် အကျိုးဆက်ပဋိပက္ခတွေလည်း တန်းစီရှိနေပါတယ်။ အနာဂတ်မှာ မျှော်လင့်မထားတဲ့အခြေအနေဆိုတာ မရှိနိုင်ပါဘူး။ တစ်ဦးတစ်ယောက်တည်း ခွဲနေလို့မရတဲ့ လူ့အဖွဲ့အစည်းမှာ မိမိကြောင့် မဟုတ်ပေမဲ့လည်း ဖြစ်လာနိုင်မယ့် အဆိုးဆုံးတွေအတွက် ပြင်ဆင်ထားရပါမယ်။ ဖြစ်လာရင် ကိုယ်တစ်ယောက်တည်းအတွက်တင်မက မိမိမိသားစု ဆွေမျိုးအသိုင်းအဝိုင်းအတွက် အများအတွက်ပါ စဉ်းစားနိုင်စွမ်းရှိခြင်းက ဖွံ့ဖြိုးရေးအမြင်ပါ။ ဆိုလိုတာက အနာဂတ်မှာ မိမိထံ အဝင်မရှိနိုင်တော့မယ့်အရာတွေအတွက် ခန့်မှန်းတွက်ချက်ပြီး ယခုကတည်းက ကိုယ့်ဆီကနေ အထွက်မရှိအောင်၊ အထွက် နည်းနိုင်သမျှ နည်းအောင် အဝင်နဲ့အထွက်ကို ကန့်သတ်ချွေတာသုံးစွဲသင့်ကြောင်း ဆိုလိုရင်းဖြစ်ပါတယ်။ မရေရာဘူး၊ မလုံခြုံဘူး၊ ဆုံးရှုံးနိုင်တယ်ဆိုတဲ့ ဖိစီးမှုတွေကို မိမိကိုယ်တိုင်ရဲ့ ခြိုးခြံမှုကပဲ ကယ်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ချွေတာမှုအပေါ်မှာ ရောင့်ရဲမှုပါ ထပ်ဆင့်နိုင်ရင်တော့ သူများအခက်အခဲက မိမိအတွက်တော့ လွယ်ကူနေတာ တွေ့ရပါလိမ့်မယ်။

“ ယခုဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းက စစ်ပွဲက မပြီးဆုံးသေးပါဘူး။ တစ်ခုပြီးရင် တစ်ခုဆက်ဖြစ်မယ့် အကျိုးဆက်ပဋိပက္ခတွေလည်း တန်းစီရှိနေပါတယ်။ အနာဂတ်မှာ မျှော်လင့်မထားတဲ့အခြေအနေဆိုတာ မရှိနိုင်ပါဘူး။ တစ်ဦးတစ်ယောက်တည်း ခွဲနေလို့မရတဲ့ လူ့အဖွဲ့အစည်းမှာ မိမိကြောင့် မဟုတ်ပေမဲ့လည်း ဖြစ်လာနိုင်မယ့် အဆိုးဆုံးတွေအတွက် ပြင်ဆင်ထားရပါမယ်။ ဖြစ်လာရင် ကိုယ်တစ်ယောက်တည်းအတွက်တင်မက မိမိ မိသားစု ဆွေမျိုးအသိုင်းအဝိုင်းအတွက် အများအတွက်ပါ စဉ်းစားနိုင်စွမ်းရှိခြင်းက ဖွံ့ဖြိုးရေးအမြင်ပါ။ ဆိုလိုတာက အနာဂတ်မှာ မိမိထံ အဝင်မရှိနိုင်တော့မယ့်အရာတွေအတွက် ခန့်မှန်းတွက်ချက်ပြီး ယခုကတည်းက ကိုယ့်ဆီကနေ အထွက်မရှိအောင်၊ အထွက်နည်းနိုင်သမျှနည်းအောင် အဝင်နဲ့အထွက်ကို ကန့်သတ်ချွေတာသုံးစွဲသင့်ကြောင်း ဆိုလိုရင်းဖြစ်ပါတယ်။ မရေရာဘူး၊ မလုံခြုံဘူး၊ ဆုံးရှုံးနိုင်တယ်ဆိုတဲ့ ဖိစီးမှုတွေကို မိမိကိုယ်တိုင်ရဲ့ ခြိုးခြံမှုကပဲ ကယ်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ချွေတာမှုအပေါ်မှာ ရောင့်ရဲမှုပါ ထပ်ဆင့်နိုင်ရင်တော့ သူများအခက်အခဲက မိမိအတွက်တော့ လွယ်ကူနေတာ တွေ့ရပါလိမ့်မယ် ”

*စာမျက်နှာ ၁၁ သို့*



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်-ရှောပြာ-ချောင်းသာလမ်း ကွန်ကရစ်လမ်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ပုသိမ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်-ရှောပြာ-ချောင်းသာလမ်း ၂၄ ပေ အကျယ် ကွန်ကရစ်လမ်း တိုးချဲ့တည်ဆောက်ခြင်း၊ လူသွားလမ်းနှစ်ဖက်ပြုလုပ်ခြင်းနှင့် အုတ်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က ပုသိမ်- ရှောပြာ-ချောင်းသာလမ်း (ပုသိမ်မြို့တွင်းအပိုင်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး၍ ရေမြောင်းနှင့် ပလက်ဖောင်းများ အချိန်မီပြီးစီးရန်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး မတ် ၁၀**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီသည့် သင်္ကြန်ပွဲတော်ဖြစ်စေရေးနှင့် ပျော်ရွှင်စွာ ကျင်းပနိုင်ရေး အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက သင်္ကြန်မဏ္ဍပ် ဆောက်လုပ်မည့်ကိစ္စ၊ ယိမ်းအကအဖွဲ့ပါဝင်မှုနှင့် ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သင်္ကြန်မဏ္ဍပ်များကို ဗိုလ်ချုပ်လမ်းမပေါ်တွင် ထားရှိဆောင်ရွက်မည်ဖြစ်၍ မဏ္ဍပ်နေရာကို ကွင်းဆင်းကြည့်ရှုကာ လျာထားချက်များတင်ပြရန်၊ သင်္ကြန်ယိမ်းအကပြိုင်ပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် အင်းလေးရေပေါ်သင်္ကြန်ကျင်းပမည်ဖြစ်၍ မူဝါဒနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်၊ ဗဟိုမဏ္ဍပ်နေရာ ရွေးချယ်အဆိုပြုရန်၊ စတုဒိသာကျွေးမွေးရန်၊ မြန်မာ့ရိုးရာ သနပ်ခါးသင်္ကြန် ပါဝင်ရန် တို့ကို ဖြည့်စွက်ဆွေးနွေးသည်။



ယင်းနောက် တိုင်းရင်းသားရေးရာဝန်ကြီးက သင်္ကြန်ဖျော်ဖြေရေးအစီအစဉ်တွင် ဒေသခံအဆိုတော်များဦးစားပေးနိုင်ရေး အကြံပြုဆွေးနွေးပြီး တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ရုရှားရေတပ်မှ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသည့် စစ်ရေယာဉ်သုံးစင်း ပြန်လည်ထွက်ခွာ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်သည့် ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားမှပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှအရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည်စုစုပေါင်း ၃၅၀ တို့လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ် ၅ ရက်မှ ယနေ့အထိ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် ရုရှားရေတပ်မှ အရာရှိ၊ စစ်သည်များအကြား ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ စစ်ရေယာဉ်များပေါ်သို့ အပြန်အလှန်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပေါင်မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပမည့် (အထက) ပေါင်၊ (အထက)ဇင်းကျိုက်၊ (အထက) မုတ္တမ စာစစ်ဌာနတို့တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် မတ် ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေးစဉ်။ မွန်မလေး(ပြန်/ဆက်)

**ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်**

*စာမျက်နှာ ၁၀ မှ*

### မြိုးခြံချွေတာခြင်း အကျိုးကျေးဇူးများနှင့်အတူ

မသိမသာ စက်သုံးဆီကို ချွေတာသုံးစွဲလိုက်လို့ ရလာမယ့် အကျိုးကျေးဇူးတွေကို ချိန်ဆမိပါသလား။ ဝေးတဲ့ခရီးမျိုးဆိုထားပါ။ နီးတဲ့ခရီးကိုတော့ မိမိပိုင် မော်တော်ယာဉ်၊ ဆိုင်ကယ်မသုံးဘဲ လမ်းလျှောက်မယ်၊ စက်ဘီးစီးမယ်၊ လိုအပ်မှ ခရီးထွက်မယ် စသဖြင့် မိမိကျန်းမာရေးအတွက်ပါ ကျွဲကူးရေပါ အမြတ်ထွက်လာနိုင်မယ့် အကျိုးတရားတွေရှိပါတယ်။ မိမိရဲ့ စွမ်းအင်ချွေတာမှု အစိတ်အပိုင်းတစ်ခုလေးက မိမိဝန်းကျင်ရှိ လေထုအရည်အသွေးကို ဘယ်လောက်အထိ တိုးတက်သွားစေနိုင်ပါသလဲ၊ ကာဗွန်ထုတ်လုပ်မှုနဲ့ လေထုညစ်ညမ်းမှုကို ဘယ်လောက်လျှော့ချနိုင်မလဲ၊ တွက်ဆနိုင်ပါတယ်။ နောက်ထပ် အကျိုးတရားတွေ၊ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများစွာကို ရပ်တန့်နိုင်မယ့် အတိုင်းအတာ... စတဲ့ စတဲ့ အကျိုးကျေးဇူးများစွာကို ရရှိစေမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ ယနေ့ ကျွန်ုပ်တို့ကမ္ဘာကြီး ရင်ဆိုင်နေရတဲ့ပြဿနာက ဒီမိုကရေစီ အရေးလား၊ လူ့အခွင့်အရေးလား၊ ဂဃနဏ မသိတော့ပါဘူး။ ခေါင်းစဉ်အမျိုးမျိုးအောက်မှာ မသေချာမှုတွေထဲက သေချာတာတစ်ခုကတော့ ကမ္ဘာပေါ်မှာ ရှိနေတဲ့ စွမ်းအင်အရင်းအမြစ်မှန်သမျှကို အလုံးစုံလွှမ်းမိုး ထိန်းချုပ်နိုင်ရေးက ဦးစားပေးဖြစ်လာပြီဆိုတဲ့ အချက်ပါပဲ။ စွမ်းအင်ကို ချုပ်ကိုင်ထားနိုင်သူကသာ ကမ္ဘာကြီးကို ထိန်းချုပ်နိုင်မယ်လို့ ယူဆလာကြတဲ့ အတွက် ယနေ့ စွမ်းအင်စစ်ပွဲများနဲ့ စွမ်းအင်ဆိုင်ရာ ပဋိပက္ခတွေဟာ ပြီးဆုံးနိုင်ဖို့ ခက်ခဲနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ မိမိတို့ရဲ့ အချုပ်အခြာနဲ့အတူ ပိုင်ဆိုင်ထားတဲ့ သယံဇာတနဲ့ စွမ်းအင်အရင်းအမြစ်အားလုံးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိရပါမယ်။ မြေပေါ်မြေအောက်သယံဇာတအရင်းအမြစ်တွေ တိုးသထက်တိုးပွားအောင်လည်း ရှာဖွေဖော်ထုတ်နေရပါမယ်။ မြိုးခြံရုံနဲ့မပြီး တိုးပွားအောင် ထုတ်လုပ်ရမယ့်သဘော ဖြစ်ပါတယ်။ သို့မှသာ ကမ္ဘာပေါ်မှာ စစ်ပွဲတွေ၊ ပဋိပက္ခတွေ ဘယ်လိုရှိနေနေ အရှုံးထဲက အမြတ်ထွက်နေမှာဖြစ်ပြီး နိုင်ငံ့စီးပွား၊ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းကာ ပြည်သူတွေရဲ့ဘဝတွေလည်း အစဉ်ဖွံ့ဖြိုးတိုးတက်နေမှာ ဖြစ်ပါတယ်။ ။

# မန္တလေးမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး မတ် ၁၀**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများ နေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုနှစ်ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ထုတ်ကုန် ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ (Safe Products, Confident Consumers) ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ စားသုံးသူအခွင့်အရေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလေးထားဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ ဈေးနှုန်းများ မှန်ကန်မှုရှိစေရန်နှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှု ရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ အတ္တ ပရ မျှတစွာ စားသုံးသူများအပေါ် စေတနာထားကာ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝ ရရှိစေရန်အတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူးက စားသုံးသူ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Vidoe Clip နှင့် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးအား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်စစ်ဆေးရေးဂိတ်၌ နယ်မြေလုံခြုံရေးနှင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပူးပေါင်းအဖွဲ့သည် မတ် ၉ ရက် နံနက် ၈ နာရီခန့်တွင် မုပ္ပလင်ကျေးရွာအနီးရှိ ရန်ကုန်-မော်လမြိုင်ကားလမ်းအတိုင်း ကျိုက်ထိုမြို့ဘက်မှ သိမ်ဇရပ်မြို့ဘက်သို့ လမ်းလျှောက်လာသော မသင်္ကာဖွယ် တရုတ်နိုင်ငံသားတစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်းမှာ တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ်နေ Mr.Jiang Xiaoqiang (ဘ) Mr. Jiang Xingfu၊ အသက် (၄၅) နှစ်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိ တရုတ်နိုင်ငံသား၏ ပြောကြားချက်အရ ၎င်းသည် တရုတ်နိုင်ငံတွင် နေထိုင်စဉ် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော တရုတ်နိုင်ငံသားတစ်ဦးနှင့် ချိတ်ဆက်မိ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းက ထိုင်းနိုင်ငံ မဲဆောက်မြို့(စိစစ်ဆဲ) နေရာသို့ ရောက်ရှိပြီး တစ်လလျှင် ထိုင်းဘတ်ငွေ ၂၀၀၀ ဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်ခဲ့ရကြောင်း၊ ၎င်းတွင်ပါရှိလာသည့် ပစ္စည်းများ၊ ဖုန်း၊ ပတ်စ်ပို့နှင့် ဗီဇာများကိုလည်း သိမ်းဆည်းထားကြောင်း၊ ထိုသို့လုပ်ကိုင်ရာတွင် နေရာအတည်တကျ လုပ်ကိုင်ရခြင်းမရှိဘဲ နေရာ ငါးနေရာခန့် ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ရကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လအတွင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ သောင်ရင်းမြစ်အား စက်လှေဖြင့် ဖြတ်ကူး၍ မြန်မာနိုင်ငံ မြဝတီမြို့သို့ ရောက်ရှိပြီး အဆောက်အအုံ တစ်လုံးအတွင်း နေထိုင်ခဲ့ရကြောင်း၊ ထို့နောက် အဆိုပါနေရာမှ ထွက်ပြေးတိမ်းရှောင်လာခဲ့ပြီး ယခုမုပ္ပလင်စစ်ဆေးရေးဂိတ်အနီးသို့ ရောက်ရှိစဉ် ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားအား သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (၁) အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ဝက်စ်ဟမ်းအသင်းသည် မိနစ် ၈၀ အထိ ဘရန့်ဖို့ဒ်အသင်းကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ၈၁ မိနစ်တွင် သီယေဂို၏ ပယ်နယ်တီသွင်းဂိုး ပြန်လည်ခွင့် ပြုပေးခဲ့ရသည့်အတွက် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေကျနေခဲ့သည်။

ထို့ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ဝက်စ်ဟမ်းအသင်းက ငါးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ်တွင် ခြေစွမ်းပြသထားနိုင်ခြင်းမရှိဘဲ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် အသင်းဖြစ်သော်လည်း အက်ဖ်အေဖလားပြိုင်ပွဲတွင် ပုံမှန်ခြေစွမ်းရရှိနေပြီး ယခုအနိုင်ပွဲကြောင့် ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်ပြီဖြစ်သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ပဥ္စမအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ အာဆင်နယ်က ဆောက်သမ်တန်၊ ချယ်ဆီးက ပေါ့သ်ဗေး၊ မန်စီးတီးက လီဗာပူး၊ ဝက်စ်ဟမ်းက လိဒ်စ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။ အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့်ဧပြီလ ၄ ရက်၊ ၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❖ *ကျောဖုံးမှ*

ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်း ပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ရှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Le Trung Kien နှင့် တာဝန်ရှိသူများ၊ ကင်ညာနိုင်ငံ၊ ဆီးရီးယားလီယွန်နိုင်ငံ၊ နီပေါနိုင်ငံ၊ ရဝမ်ဒါနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ကွန်ဂိုနိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပါကစ္စတန်နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ ကင်ညာနိုင်ငံသား နှစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦးနှင့် ဘူရွန်ဒီနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ရှစ်ဦးကို ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မတ် ၁၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၃၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၃၃၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

လွှဲပြောင်းရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၅၈ ဦးအနက် တရုတ်နိုင်ငံသား ၂၅ ဦးအား မြို့မရဲစခန်း၌ ချုပ်နှောင်ထားရှိပြီး ပြည်ဝင်ခွင့်ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ ၇-၃-၂၀၂၆ ရက်နေ့တွင် ဥပဒေလုပ်ထုံး၊ လုပ်နည်းနှင့်အညီ တရားဆွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်ခဲ့ကြသည့် စာအောင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေ ဆက်ကပ်လှူဒါန်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်

**နေပြည်တော် မတ် ၁၀**

အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန် စာမေးပွဲတို့တွင် အောင်မြင်ခဲ့ကြသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ စာအောင်သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်၊ စာအောင်ဆုအလှူငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်၌ပြုလုပ်ရာ နိုင်ငံတော်ပြဝါဒါစရိယ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တလာသန အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ



စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ပြဝါဒါစရိယ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စာအောင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား စာအောင်လက်မှတ်နှင့် စာအောင်ဆုအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် စုစုပေါင်း ၇၄ ပါးအား ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၀**

၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၆၄ ဦး ပါဝင်ယှဉ်ပြိုင် ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့များအား တွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ကယားပြည်နယ် အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျော်ဘွယ်မြို့စည်ပင်သာယာဈေးနှင့် စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ပျော်ဘွယ် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်နှင့်အဖွဲ့သည် မတ် ၉ ရက်က ပျော်ဘွယ်မြို့ စည်ပင်သာယာဈေးသို့ရောက်ရှိပြီး ဈေးအတွင်းမီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရေးပေါ်ဖုန်းနံပါတ်ဖြစ်သည့် 191 Application ကို အသုံးပြုနိုင်ရေး၊ ဈေးအတွင်းမီးလောင်မှု မဖြစ်ပေါ်စေရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့် မီးဘေးကာကွယ်ရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မတ္တရာမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၅၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

**မတ္တရာ မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၅၀၀၀ ကျော် စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်တွင် ဧက ၁၀၀၀၀ နီးပါး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်း ဝမ်းစာဖူလုံစေရေးနှင့် ပိုလျှံသည့် စပါးများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်သည့်အတွက် စိုက်ပျိုးရန် ကျန်ရှိသည့် စိုက်ဧကများကို လာမည့်ဧပြီလတွင် အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန် ချိတ်ဆက်ပေးခြင်း၊ စိုက်နည်းစနစ် မှန်ကန်စေရေးအတွက် အသိပညာပေးခြင်း၊ ပိုးသတ်ဆေးများ သုံးစွဲနည်းနှင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များ၊ သွင်းအားစုများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သဘာဝမြေဩဇာပြုလုပ်သုံးစွဲသည့် တောင်သူများအတွက် လိုအပ်သည့် ကုန်ကြမ်းများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# အရှေ့တောင်အာရှနိုင်ငံများ စက်သုံးဆီမပြတ်လပ်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိ




**ဟန္နိုင်း မတ် ၁၀**

အရှေ့အလယ်ပိုင်းတွင်ဖြစ်ပွားနေသော ပဋိပက္ခကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ စက်သုံးဆီထောက်ပံ့မှုအခက်အခဲများ ကြုံတွေ့လျက်ရှိချိန်တွင် အချို့အရှေ့တောင်အာရှနိုင်ငံများ၌ စက်သုံးဆီမပြတ်တောက်ရေး မူဝါဒများ ချမှတ်လုပ်ဆောင်လျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် စက်သုံးဆီပြတ်တောက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး အချို့ စက်သုံးဆီ အရောင်းဆိုင်များ၏ လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းထားရသည်။ ဗီယက်နမ်နိုင်ငံသည် စက်သုံးဆီတင်သွင်းမှုတွင် အရှေ့အလယ်ပိုင်းကို အဓိကမှီခိုနေရသည်။

ဗီယက်နမ်နိုင်ငံ၌ စက်သုံးဆီအရောင်းဆိုင် ၁၄ ဆိုင် လတ်တလောတွင် စက်သုံးဆီရောင်းချမှုများ ရပ်တန့်ထားရပြီး အခြားခုနစ်ဆိုင်၌ အကန့်အသတ်ဖြင့် ရောင်းချနေရသည်။

မတ်လကုန်အထိ စက်သုံးဆီ အလုံအလောက်ရှိပြီး စက်သုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အစိုးရက ပြောသည်။ အကယ်၍ အရှေ့အလယ်ပိုင်း ပဋိပက္ခဆက်လက်ဖြစ်ပေါ်ပြီး စက်သုံးဆီ ယခုထက် ပိုမိုပြတ်လပ်သွားမည်ဆိုပါက နေ့စဉ်လူ့ပ်ရှားသွားလာမှုတွင် အခက်အခဲတစ်စုံတစ်ရာဖြစ်ပေါ်လာမည်ကို ဒေသခံများ စိုးရိမ်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင် စွမ်းအင်ချွေတာရန် အစိုးရရုံးများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ ဝန်ထမ်းများကို မတ် ၁၀ ရက်မှစကာ အိမ်မှအလုပ်လုပ်ရန် ညွှန်ကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံက အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် နိုင်ငံအတွင်း ပိတ်မိနေသူများအား အခမဲ့ဗီဇာသက်တမ်းတိုးခွင့် အတည်ပြု

**ကိုလံဘို မတ် ၁၀**

အရှေ့အလယ်ပိုင်း ဒေသများ၌ ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ဆက်နွယ်ပြီး လေကြောင်းလိုင်း အဆင်မပြေဖြစ်ကာ သီရိလင်္ကာနိုင်ငံအတွင်း ပိတ်မိနေသော နိုင်ငံခြားသားများအား ၁၄ ရက်ကြာ အခမဲ့ဗီဇာသက်တမ်းတိုးပေးခြင်းကို သီရိလင်္ကာအစိုးရက အတည်ပြုလိုက်ပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက မတ် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

သီရိလင်္ကာနိုင်ငံမှ အရှေ့အလယ်ပိုင်းဒေသများသို့ ပျံသန်းထွက်ခွာမည့် နိုင်ငံတကာ လေကြောင်း ခရီးစဉ်အများစုမှာ ဖေဖော်ဝါရီ ၂၈ ရက် နောက်ပိုင်းတွင် ဖျက်သိမ်းခဲ့ရကြောင်း၊ ထို့ကြောင့် အချို့ နိုင်ငံခြားခရီးသွားများမှာ စီစဉ်သတ်မှတ်ထားသည့်အတိုင်း ထွက်ခွာနိုင်ခြင်း မရှိသည့်အပြင် ၎င်းတို့၏ ဗီဇာသက်တမ်းကုန်ဆုံးမည့် အန္တရာယ်အခြေအနေနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သီရိလင်္ကာ အစိုးရသည် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ အရှေ့အလယ်ပိုင်း ဒေသများသို့ ပျံသန်းထွက်ခွာမည့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းလိုက်ရသည့် နိုင်ငံခြားခရီးသွားများအား ၁၄ ရက်ကြာ အခမဲ့ဗီဇာသက်တမ်းတိုးပေးခြင်းကို ခွင့်ပြုပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဆက်လက်ဖော်ပြထားသည်။

ယင်းကဲ့သို့ လုပ်ဆောင်မှုမှာ အခက်အခဲ ကြုံတွေ့နေရသော ခရီးသွားများအား သီရိလင်္ကာနိုင်ငံအတွင်း တရားဝင်ဆက်လက်နေထိုင်ပြီး အခြားသော ခရီးသွားအစီအစဉ်များကို ပြင်ဆင်ရန်အတွက် လုံလောက်သော အချိန်ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆိုသည်။



သီရိလင်္ကာ အစိုးရသည် လေကြောင်းခရီးစဉ်များ ဖျက်သိမ်းမှုနှင့် ဆက်လက်ကြုံတွေ့နေမည်ဆိုပါက အခကြေးငွေမယူဘဲ နောက်ထပ် ၁၄ ရက် ဗီဇာသက်တမ်းတိုးပေးခြင်း ခွင့်ပြုရန် အဆိုပြုချက်ကိုလည်း အတည်ပြုလိုက်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှား၏ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး နျူကလီးယား သုတေသီ ၂၀၀ ခန့် လိုအပ်မည်

**ဂျကာတာ မတ် ၁၀**

ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၀၃၂ ခုတွင် လည်ပတ်ရန် စီစဉ်ထားခြင်းအပါအဝင် အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယား သုတေသီ ၂၀၀ ခန့်လိုအပ်မည်ဖြစ်ကြောင်း အမျိုးသားသုတေသနနှင့် တီထွင်ဆန်းသစ်မှုအေဂျင်စီ (BRIN) က မတ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

## စွမ်းရည်များ ပိုမိုလိုအပ်

အမျိုးသားသုတေသနနှင့် တီထွင်ဆန်းသစ်မှုအေဂျင်စီ၏ သိပ္ပံနှင့် နည်းပညာလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လက်ထောက် အက်ဒီဂီရီ ရေ့ချ်မင်းန်ပူထရာက နိုင်ငံ၏နျူကလီးယားဂေဟစနစ်ကို ပိုမိုဖွံ့ဖြိုးအားကောင်းလာစေရန် သုတေသနနှင့် နည်းပညာစွမ်းရည်များ ပိုမိုလိုအပ်လာသည်ကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ သုတေသနမှသည် အနာဂတ်နျူကလီးယားဓာတ်အားပေးစက်ရုံလုပ်ငန်းလည်ပတ်နိုင်သည်အထိ ကြိုးစားမှုတွင် အလွန်အရေးပါသည်ဟု ပူထရာက ပြောကြားခဲ့သည်။

## စိန်ခေါ်မှုများ ရှိနေသေး

လိုအပ်ချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်မှုတွင် စိန်ခေါ်မှုများ ရှိနေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# နိုင်ရိုဘီအပါအဝင် ကင်ညာနိုင်ငံ၏ စီရင်စုများ၌ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ၄၉ ဦးခန့် သေဆုံး

**နိုင်ရိုဘီ မတ် ၁၀**

မြို့တော် နိုင်ရိုဘီအပါအဝင် ဒါဇင်ထက်မနည်းသော ကင်ညာနိုင်ငံ၏ စီရင်စုများတွင် မတ် ၆ ရက်မှစကာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပွားခဲ့မှုကြောင့် လူ ၄၉ ဦးခန့် သေဆုံးခဲ့ပြီး ဘေးလွတ်ရာသို့ ထောင်ချီပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

## ရေကြီးမှုအန္တရာယ် မြင့်တက်နိုင်သေး

ယခုသီတင်းပတ်တွင် မိုးရွာသွန်းမှုရပ်စဲသွားသော်လည်း မတ်လမှ မေလအထိ မိုးရာသီအချိန်အတွင်း ရေကြီးမှုအန္တရာယ် ဆက်လက်မြင့်တက်နိုင်သေးကြောင်း ကင်ညာမိုးလေဝသဌာနက ပြောသည်။

ကင်ညာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်အခြေအနေများတွင် သတိထားရမည့်နိုင်ငံတစ်နိုင်ငံဖြစ်နေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အစိုးရအဖွဲ့အတွင်းဝန် ဒီဘိုရာ မူလွန်ဂိုဘာရာဆာက ပြောသည်။

## သစ်ပင်များ လွှမ်းခြုံစိုက်ပျိုး

နိုင်ငံ၏ ရာသီဥတုဒဏ်ခံနိုင်ရည်မြှင့်တင်ရန်အတွက် အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် သစ်ပင်များ လွှမ်းခြုံစိုက်ပျိုးခြင်း၊ စိမ့်မြေများဖော်ထုတ်ခြင်း၊ သန့်ရှင်းသော စွမ်းအင်များ မြှင့်တင်ပေးခြင်းတို့ကို ဦးစားပေးလုပ်ဆောင်ခဲ့သည်ဟု ၎င်းက ပြောသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယား၌ ကလေးငယ်ပေါင်း ၆ သန်းကျော် ပြင်းထန်အာဟာရချို့တဲ့မှု ကြုံတွေ့

**အဘူဂျာ မတ် ၁၀**

အာဖရိကတိုက်၏ လူဦးရေ အထူထပ်ဆုံးနိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံ၌ ပဋိပက္ခဖြစ်ပွားမှုများ၏ ဆိုးရွားသော နောက်ဆက်တွဲ အကျိုးဆက်များကြောင့် နိုင်ငံ၏ အရှေ့မြောက်၊ အနောက်မြောက်နှင့် အလယ်ပိုင်းဒေသများတွင် အသက်ငါးနှစ်အောက် ကလေးငယ်ပေါင်း ၆ ဒသမ ၄ သန်းနီးပါး ပြင်းထန်အာဟာရချို့တဲ့မှုနှင့် ကြုံတွေ့နေရကြောင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) က ပြောကြားလိုက်သည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများမှာ ၁၅ နှစ်ကျော် ကြာမြင့်လာပြီဖြစ်ကြောင်း ICRC က မတ် ၉ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စားနပ်ရိက္ခာ မဖူလုံမှုမှာလည်း နိုင်ဂျီးရီးယားနိုင်ငံရှိ ကလေးငယ်ပေါင်းများစွာ၏ အသက်ရှင်ရပ်တည်နိုင်ရေးကို ဆိုးရွားစွာ ခြိမ်းခြောက်လျက် ရှိကြောင်း ဆက်လက်ဖော်ပြထားသည်။

ကလေးငယ်များအပြင် မိခင်များနှင့် နို့တိုက်မိခင်များတွင်လည်း အသက်အန္တရာယ်အရှိဆုံး အခြေအနေများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ထောက်ပံ့ကူညီမှုများ ရရှိရန် ခက်ခဲသောဒေသများ အထူးသဖြင့် ဘော်နိုနှင့် ယိုဘီဒေသအများအပြားတွင် ပြင်းထန်အာဟာရချို့တဲ့ ဖြစ်ပွားမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့က ပြောသည်။ **ဆင်ဟွာ**



နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ အာဟာရချို့တဲ့မှု ကြုံတွေ့နေရသော ကလေးငယ်များအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးနေမှုကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၄ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ဝ ဒသမ ၁၁၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၄ ရက်တွင် ပဲခူးမြို့နယ်နှင့် သာယာဝတီမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၅၆၆ တန်၊ အခြားသစ် ဝ ဒသမ ၇၂၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၃၄၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ပြင်ဦးလွင်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခုနစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၇ ရက်တို့တွင် လှိုင်မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မှော်ဘီမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ဝ ဒသမ ၈၇၃ တန်၊ မီးသွေး ၃၆ ပေါင်ဝင် ၃၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၃၉၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၉၄၃၉၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ဖမ်းဆီးရမိမှု။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu D-Max တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၇ ရက်၊ မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၄၅၁၅၄၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၅ ရက်တွင် မချမ်းဘောမြို့နယ် အကွာ နမ်ခမ်ကျေးရွာနှင့် နမ်ခမ်ကျေးရွာတို့အနီး၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဒီဇယ်အင်ဂျင်လေးလုံးနှင့် ဆက်စပ်ပစ္စည်း ၂၉ မျိုး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ဘားအံမြို့နယ် သာယာကုန်းကျေးရွာ၌ စုပုံထားသော တရားမဝင် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လျှပ်စစ်ပစ္စည်း ၁၈ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၆၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၆ ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၁၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၆၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၆ ရက်တွင် ပဲခူးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၅၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်၊ မတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၁၄၇၂၆၀၈)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့၌ ငွေကျပ် ၁၈၇ ဒသမ ၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက် ညနေ ၄ နာရီခွဲတွင် သတင်းအရ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်၌ မန္တလေး-မြစ်ကြီးနားပြေးဆွဲသည့် NISSAN AD VAN ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ တပ်ကုန်းမြို့နယ် ဆုံတည်ပင်ရွာနေသူများဖြစ်ကြသည့် အောင်ဇော်မိုး(၃၂)နှစ်နှင့် နိုင်လင်း(၃၃)နှစ် တို့ကို ဘိန်းစိမ်း ၁၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၈၇ ဒသမ ၅ သိန်း) နှင့်အတူ ဖမ်းဆီးရမိသဖြင့် အောင်ဇော်မိုးနှင့် နိုင်လင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်ရှိ ကားဂိတ်သို့ ပစ္စည်းလာရောက်ထုတ်ယူသည့် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်နေ တင်ဝင်း(ခ) အာရာဖတ် (၃၄)နှစ်နှင့် တာမွေမြို့နယ် (က+ဂ)ရပ်ကွက်နေ စိုးနိုင်(ခ) ဆောလိမ်(၂၅)နှစ်တို့ကို စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၇ သိန်း (တစ်ပြားလျှင် ငွေကျပ်၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၇၀၀)ဖမ်းဆီးရမိသဖြင့် တင်ဝင်း(ခ) အာရာဖတ်နှင့် စိုးနိုင်(ခ) ဆောလိမ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မတ် ၉ ရက် နံနက် ၁၁ နာရီခွဲတွင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် အေးရိပ်မွန်(၅) လမ်းပေါ်၌ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်နေ ချစ်ကို(ခ)ဖိုးသေး(၃၃)နှစ် မောင်းနှင်ပြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ဟိန်းမင်းဝင်းနိုင်(ခ)အဟုန်း(၃၅)နှစ် လိုက်ပါလာသည့် SHN-32 2P-xxxx TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀) ဖမ်းဆီးရမိသဖြင့် ချစ်ကို(ခ) ဖိုးသေးနှင့် ဟိန်းမင်းဝင်းနိုင်(ခ)အဟုန်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှု ကျူးလွန်သူ စိုးနိုင်(ခ)ဆောလိမ် နှင့် တင်ဝင်း(ခ) အာရာဖတ် တို့ကို ဖမ်းဆီး ရမိသည့် စိတ်ကြွ ရူးသွပ် ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# မေ့မထားသင့်သော အိန္ဒိယခရီးသွားဈေးကွက်

မြင့်ထွေး (ဟိုတယ်/ခရီး)

**အနောက်သို့ ခရီးသွားခြင်း**

ခရီးသွားဌာနဖြစ်သည့်အပြင် ခြေထောက်မှာ ဗွေပါ၍လည်း ယခင်က မကြာခဏခရီးသွားဖြစ်ခဲ့သည်။ ယခုတလော ပြည်တွင်းခရီး၊ ပြည်ပခရီးများ မသွားဖြစ်သည်မှာ ကြာပြီမို့ တော်တော်လေးကို ခရီးသွားချင်နေမိသည်။ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို တစ်ခါမှ မရောက်ဖူးသေးသော အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် မထင်မှတ်ဘဲ အခွင့်အရေးရခဲ့သည်။

ခရီးစဉ်အကြောင်းအရာက အာဆီယံ – အိန္ဒိယ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးအစီအစဉ် (ASEAN–India Tourism Professionals Exchange Programme) ဖြစ်သည်။ ယခုအစီအစဉ်ကို အာဆီယံခရီးသွားလာရေးနှစ် (ASEAN–India Tourism Year 2025) အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရမှ တာဝန်ပေးအပ်သော Assam Tourism Development Corporation (ATDC) Commissioner & Secretary to the Govt: of Assam က အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

အစီအစဉ်အား အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန် အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသကို အာဆီယံနှင့် ပိုမိုချိတ်ဆက်နိုင်ရေး၊ အိန္ဒိယနှင့် သက်ဆိုင်ရာ ခရီးသွားအဖွဲ့အစည်းများအကြား ပူးပေါင်းတည်ဆောက်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံမှ အရှေ့မြောက်ဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်မည်ဖြစ်ပြီး တစ်ဆက်တည်းပင် ခရီးသွားပြပွဲများ၊ B.2.Bအစည်းအဝေးများပြုလုပ်ခြင်း၊ အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များ (NTOs) မှ ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်းရှင်များအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန်နှင့် ခရီးသွားကွန်ရက် တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဤအစီအစဉ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ နှစ်ဦး၊ ပုဂ္ဂလိက ကဏ္ဍမှ နှစ်ဦး၊ ပေါင်း လေးဦးနှင့် အာဆီယံနိုင်ငံ ၁၁ နိုင်ငံအနက် ဘရူနိုင်းနိုင်ငံမှလွဲ၍ ကျန်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အစီအစဉ်မှာ ၁၂–၁၂–၂၀၂၅ ရက်နေ့မှ ၁၇–၁၂–၂၀၂၅ ရက်နေ့အထိ ဖြစ်သော်လည်း လေယာဉ်လက်မှတ်အခြေအနေကြောင့် ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တစ်ရက်စော၍ ၁၁–၁၂–၂၀၂၅ ရက်နေ့တွင် ကနဦးအစီအစဉ်တွင် မပါဝင်သော ကိုကတ္တားမြို့သို့ Myanmar Airways လေယာဉ်ဖြင့် သွားရောက်ပြီး လေဆိပ်အနီးရှိ Hotel Soot ၌ တစ်ညတာ တည်းခိုရသည်။ နောက်တစ်နေ့တွင် အိန္ဒိယနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်း Indi go ဖြင့် ဂူဝါဟာတီမြို့ရှိ Hotel Mayfair သို့ ရောက်ရှိပါသည်။

၁၃–၁၂–၂၀၂၆ ရက်နေ့တွင် အာဆီယံ–အိန္ဒိယ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေး ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး၊ အာသံပြည်နယ်ဆိုင်ရာ ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် Assam Tourism Development Coporation Ltd., (ATDC) Commissioner & Secretary to the Govt: of Assam and Managing Director တို့မှ အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှုများ၊ အာဆီယံနိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပါသည်။

ထို့နောက် B.2.B အစည်းအဝေးများကို ဆက်လက်ဆောင်ရွက်ကြရာ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသအတွင်းရှိ ခရီးသွားလုပ်ငန်းရှင်များနှင့် အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များက နိုင်ငံအလိုက် အထင်ကရခရီးစဉ်ဒေသများကို ကြော်ငြာမိတ်ဆက်ကြပြီး အာဆီယံနိုင်ငံများမှ ခရီးသွားဧည့်သည်များအနေဖြင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ဒေသသို့ ပိုမိုလာရောက်စေရေး၊ ခရီးစဉ်ဒေသများ ရှာဖွေဖော်ထုတ်ကြော်ငြာသွားရန်၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ခရီးသွားကုမ္ပဏီများ၊ Agent များအကြား ခရီးသွားများ သဘောကျမည့် ခရီးစဉ်များ၊ Package Tour များ ဖော်ထုတ်ခြင်းနှင့် ဈေးကွက်မြှင့်တင်ခြင်းများ ပူးပေါင်းဆောင်ရွက်သွားရန်၊ ခရီးသွားများအတွက် ပိုမိုထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြပြီး ခရီးသွားကုမ္ပဏီများ၊ Agent များ အချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။

ဆက်လက်၍ အာသံပြည်နယ်အတွင်း ဒေသထွက်ကုန်ပြခန်းများကို ပြသပြီးနောက် ယဉ်ကျေးမှုအကအဖွဲ့ဖြင့် ဖျော်ဖြေကြပါသည်။

> “ အာဆီယံ-အိန္ဒိယ ခရီးသွားလာရေးနှစ် (ASEAN- India Tourism Year 2025)အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ ဂူဝါဟာတီမြို့ ကာဇင်ရန်ဂါနှင့် နယူးဒေလီမြို့တွင် ပြုလုပ်ခဲ့သည့် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းကျွမ်းကျင် ပညာရှင်များ ဖလှယ်ရေးအစီအစဉ်ကြောင့် အိန္ဒိယနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်များကို အိန္ဒိယခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေရေး ကြော်ငြာနိုင်ခဲ့ခြင်း၊ အစိုးရ-ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ခဲ့သဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေခြင်း၊ အိန္ဒိယနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို သိရှိခွင့်ရခဲ့ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေခဲ့ ”

**ကာဇင်ရန်ဂါအမျိုးသားဥယျာဉ်**

၁၄–၁၂–၂၀၂၅ ရက်နေ့တွင် အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များအား ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park)သို့ လေ့လာရေးပို့ခဲ့ပါသည်။

ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park)သည် အာသံပြည်နယ်၏ အထင်ရှားဆုံး Wildlife Safari ဥယျာဉ်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် တည်ရှိပါသည်။ ၁၉၀၅ ခုနှစ်တွင် Game Reserve အဖြစ် တည်ထောင်၍ ၁၉၇၄ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုခဲ့ပါသည်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၁၀၉၀ ကျယ်ဝန်းပြီး ၁၉၈၅ ခုနှစ်တွင် UNESCO World Heritage Site အဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ ကမ္ဘာပေါ်တွင်အိန္ဒိယဦးချိုတစ်ချောင်းကြံ့များ (Indian one–horned rhinoceroses) အများဆုံးနေထိုင်ရာ ဥယျာဉ်ဖြစ်ပြီး အကောင်ရေ ၂၀၀၀ ကျော်ရှိသည့်အပြင် ကျား၊ ဆင်၊ ကျွဲ၊ ရေမြင်း၊ သမင်၊ လင်းယုန်ငှက်များအပါအဝင် ကျားသစ်နှင့် ဝက်ဝံများကဲ့သို့သော သတ္တဝါများလည်း ရှင်သန်နေထိုင်ကြပါသည်။ ၂၀၀၇ ခုနှစ်တွင် ကျားဘေးမဲ့တောအဖြစ် ကြေညာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာမျိုးသုဉ်းရန် အန္တရာယ်ရှိသော ရွှေ့ပြောင်းငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဤအမျိုးသားဥယျာဉ်သည် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေပါသည်။

၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park) သို့ နိုင်ငံတကာခရီးသွား ၁၇၆၉၃ ဦး အပါအဝင် ခရီးသွားဧည့်သည် ၄၀၆၅၆၄ ဦး လာရောက်လည်ပတ်ခဲ့ပါသည်။ ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park) တွင် ဗဟိုဇုန် (သို့မဟုတ်) ကာဇီကာရန်ဇုန်၊ အနောက်ပိုင်းဇုန် (သို့မဟုတ်) ဘာဂိုရီဇုန်၊ အရှေ့ပိုင်းဇုန် (သို့မဟုတ်) အာဂါရာတိုလီဇုန်နှင့် ဘူရာပါဟာဇုန်ဟူ၍ Safari Zone လေးခု ခွဲခြားထားပါသည်။

လည်ပတ်ရာတွင် Jeep Safari နှင့် Elephant Safari ဟူ၍ နှစ်မျိုးရှိရာ Jeep Safari ကို ဇုန်တိုင်းတွင် ရရှိနိုင်ပြီး အချိန်တစ်နာရီခွဲမှ နှစ်နာရီကြာ လည်ပတ်နိုင်ပါသည်။ Elephant Safari ကိုမူ ဗဟိုဇုန်နှင့် အနောက်ပိုင်းဇုန်တွင် ကြည့်ရှုနိုင်ပြီး အချိန်တစ်နာရီကြာ လည်ပတ်နိုင်ပါသည်။ ဇုန်အမျိုးအစားအလိုက် ပြည်ပခရီးသွားများအတွက် ရူပီး ၄၀၀၀ မှ ရူပီး ၉၇၀၀ ကုန်ကျမည်ဖြစ်ပါသည်။

အမျိုးသားဥယျာဉ်တွင် နှစ်စဉ် ဖေဖော်ဝါရီလ၌ ကျင်းပသော Kaziranga ဆင်ပွဲတော်မှာ အထင်ရှားဆုံးဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့သော အစိုးရ၏ စီမံကိန်းဖြစ်သည့် Project Elephant ၏ ပံ့ပိုးမှုဖြင့် အာသံပြည်နယ် သစ်တောဌာနနှင့်ခရီးသွားဌာနတို့ ပူးပေါင်းပြီး ၂၀၀၃ ခုနှစ်တွင် ပွဲတော်ကို စတင်ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ဤပွဲတော်အား ဆင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြရန်နှင့် လူများနှင့်တောရိုင်းတိရစ္ဆာန်များအကြား ရေရှည်တည်တံ့သော အတူယှဉ်တွဲနေထိုင်မှုတို့ကို အသိပညာပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့ အာဆီယံအဖွဲ့ဝင်များအား Jeep ကားများဖြင့် လုံခြုံရေးအစောင့်အကြပ်များ လိုက်ပါလျက် ဆာဖာရီဥယျာဉ်အတွင်း လှည့်လည်ပြသရာ ကမ္ဘာ့မီဒီယာများတွင် တွေ့မြင်ရသည့် အာဖရိက သဘာဝတောရိုင်းဇုန်အတွင်း လေ့လာသကဲ့သို့ ဖြစ်နေသဖြင့် စိတ်လှုပ်ရှားမှု ဖြစ်စေခဲ့သည်။

၁၅–၁၂–၂၀၂၅ ရက်နေ့တွင် ကာဇင်ရန်ဂါအမျိုးသားဥယျာဉ် (Kaziranga National Park) အနီးရှိ Hathikuli လက်ဖက်ခြောက်စက်ရုံသို့ သွားရောက်လေ့လာကြပါသည်။ Hathikuli လက်ဖက်ခြောက်စက်ရုံသည် အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် အကြီးဆုံးသဘာဝ (Organic) လက်ဖက်ခြောက်စိုက်ခင်းမှ လက်ဖက်ခြောက်ထုတ်လုပ်ရေး စက်ရုံဖြစ်ပါသည်။ အဆိုပါ စက်ရုံတွင် ဓာတုပစ္စည်းများမသုံးဘဲ သဘာဝနည်းလမ်းများဖြင့် လက်ဖက်ရွက်ကို စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းစေပြီး ဇီဝမျိုးစုံကို ထိန်းသိမ်းပေးပါသည်။ ထို့အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးသည့်အပြင် ကာဇင်ရန်ဂါဒေသ၏ ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်၍ လက်ဖက်ခြောက် ယဉ်ကျေးမှုကို ပြသနိုင်သည့် စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းပေါင်းစပ်စံနမူနာ တစ်ခုဖြစ်သည်ကို တွေ့ရှိရပါသည်။

၁၆–၁၂–၂၀၂၅ ရက်နေ့တွင် အာဆီယံ– အိန္ဒိယ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးအစီအစဉ် ပိတ်ပွဲအခမ်းအနားကို နယူးဒေလီမြို့ Hotel EROS တွင် ပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ Assam Tourism Development Coporation Ltd., (ATDC) မှ Managing Director တို့ တက်ရောက်ပြီး ယခုအစီအစဉ်သို့ ပါဝင်တက်ရောက်ပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားပါသည်။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ၁၇–၁၂–၂၀၂၅ ရက်နေ့တွင်ပြန်လည်ထွက်ခွာလာရာ မြန်မာနိုင်ငံသို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

**အကျိုးကျေးဇူး**

အာဆီယံ–အိန္ဒိယ ခရီးသွားလာရေးနှစ် (ASEAN– India Tourism Year 2025) အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ ဂူဝါဟာတီမြို့ ကာဇင်ရန်ဂါနှင့် နယူးဒေလီမြို့တွင် ပြုလုပ်ခဲ့သည့် အာဆီယံ–အိန္ဒိယ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ဖလှယ်ရေးအစီအစဉ်ကြောင့် အိန္ဒိယနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်များကို အိန္ဒိယခရီးသွားဧည့်သည်များ ပိုမိုလာရောက်စေရေး ကြော်ငြာနိုင်ခဲ့ခြင်း၊ အစိုးရ–ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ခဲ့သဖြင့် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေခြင်း၊ အိန္ဒိယနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို သိရှိခွင့်ရခဲ့ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် တစ်ပတ်ခန့် နေထိုင်စဉ်အတွင်း အိန္ဒိယနိုင်ငံရှိ ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများ၏ ခရီးသွားလုပ်ငန်းအပေါ် သဘောထားများ၊ ဟိုတယ်များ၏ အဆင့်အတန်းနှင့် ဝန်ဆောင်မှု၊ ခရီးသွားကုမ္ပဏီများနှင့် အေးဂျင့်များ၏ လူမှုဆက်ဆံရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများမှ ပုဂ္ဂိုလ်များမှ ရေရှည်မျှော်မှန်းချက်များကို အနီးကပ်လေ့လာသုံးသပ်မိသည်။ ခရီးသွားလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို အဓိကအထောက်အကူပြုနေသည့် စီးပွားရေးလုပ်ငန်းမဟုတ်သော်လည်း အိန္ဒိယအစိုးရနှင့် ခရီးသွားလုပ်ငန်းနှင့်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဆက်နွယ်သူတို့က ခရီးသွားလုပ်ငန်း၏ အကျိုးရလဒ်များကို သိရှိလာကြပြီဖြစ်သဖြင့် ၂၀ ရာစုနောက်ပိုင်းကာလများတွင် ခရီးသွားလုပ်ငန်းကို အလေးထားလာကြသည်ကို သတိထားမိသည်။

ရောက်ရှိခဲ့သော ဟိုတယ်များ၏ အဆင့်အတန်း၊ ဝန်ဆောင်မှုအရည်အသွေး၊ တန်ဖိုးမြှင့်ခရီးသွားထုတ်ကုန်များ၊ လည်ပတ်လေ့လာစရာခရီးစဉ်ဒေသများ၊ အပန်းဖြေရန်နေရာများ၊ အသေးစား၊ အလတ်စား စက်မှုလက်မှုထုတ်ကုန်များ၊ ဒေသထွက်ပစ္စည်းများ၊ ဒေသရိုးရာအစားအစာများ၊ ရိုးရာအကဖျော်ဖြေမှုများဖြင့် ဧည့်သည်များအပေါ် ဆွဲဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေကို အဓိကရှာဖွေနေသော နိုင်ငံများ၏ ခရီးသွားလုပ်ငန်းအခြေအနေများနှင့် နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်မှုအခြေအနေများမှာ လိုအပ်ချက်များစွာရှိနေသေးသော်လည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ ဦးတည်ကြိုးပမ်းဆောင်ရွက်နေမှုများကို ကိုယ်တိုင်ကြုံတွေ့ချက်များအရ တလေးတစား အသိအမှတ်ပြုမိသည်။

အိန္ဒိယနိုင်ငံသည် ချမ်းသာကြွယ်ဝမှုနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသောကြောင့် တစ်ဦးချင်းဝင်ငွေများပြားလာပြီး ခရီးသွားမှုများကို နိုင်ငံအတွင်းတွင်လည်းကောင်း၊ ပြည်ပနိုင်ငံများသို့လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် သွားလာကြသည်ကို သတိထားတွေ့မြင်ရသည်။ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း၊ သမိုင်းအမွေအနှစ်များလေ့လာခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ စွန့်စားခရီးသွားလုပ်ငန်းတို့ကို စိတ်ဝင်စားသော ခရီးသည်များသည် အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်လေ့ရှိကြသည့်အပြင် ကျန်းမာရေးခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးသွားလုပ်ငန်းများအား စိတ်ဝင်စားသည့်ခရီးသည်များလည်း သွားရောက်ကြသည်။ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ပြည်ပမှ လာရောက်သူ ၂၀ ဒသမ ၅၇ သန်းရှိပြီး နိုင်ငံအတွင်းမှ ပြည်ပသို့ လည်ပတ်သူ ၂၃ ဒသမ ၅ သန်းရှိသည်ဟု သိရသည်။

Tourism in India Website ၏ ၂၀၂၅ ခုနှစ်အတွက် အိန္ဒိယနိုင်ငံ၏ ခရီးသွားအချက်အလက်များအရ အိန္ဒိယနိုင်ငံသို့ ပြည်ပမှလာရောက်သူ ၁၁ ဒသမ ၂ သန်း ကျော်ရှိပြီး အိန္ဒိယနိုင်ငံအတွင်းမှ ပြည်ပသို့ သွားရောက်သူ ခရီးသွား ၂၇ သန်းမှ ၂၈ သန်းအကြားတွင် ရှိနေသည်ကို တွေ့ရသည်။ ပြည်ပသို့ သွားရောက်သော ခရီးသွားတစ်ဦးချင်းစီ၏ တစ်နေ့တာအသုံးစရိတ်မှာ ပျမ်းမျှအနေဖြင့် အမေရိကန် ဒေါ်လာ ၁၂၀ မှ ၁၅၀ အကြားတွင် ရှိသည်။ အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားများသည် ပျမ်းမျှ ၁၄ ရက်မှ ၁၅ ရက်ခန့် နေထိုင်ကြသည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံသားများအနေဖြင့် ထိုင်း၊ စင်ကာပူ၊ ဘာလီ (အင်ဒိုနီးရှား)၊ ဒူဘိုင်း၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အမေရိကန်၊ ဆော်ဒီအာရေးဗျ နိုင်ငံတို့သို့ အများဆုံးသွားရောက်လည်ပတ်ကြသည်။

**မြန်မာနိုင်ငံအတွက်အခွင့်အလမ်း**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော အိန္ဒိယခရီးသွားဧည့်သည်များမှာ ၂၀၁၅ ခုနှစ်တွင် ၅၉၆၉၂ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၆၃၈၆၄ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၈၆၉၀၇ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၀၂၇၀၂ ဦး၊ ၂၀၁၉ ခုနှစ်တွင် ၁၁၇၃၁၇ ဦးသို့ တဖြည်းဖြည်း တိုးမြှင့် လာရောက်လည်ပတ်လျက်ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်မှစ၍ အခြားနိုင်ငံသားများနှင့်နှိုင်းယှဉ်ပါက နှစ်စဉ်ကျဆင်းသွားခဲ့ရာ ၂၀၂၅ ခုနှစ်တွင် ၁၈၄၇၄ ဦးသာ ဝင်ရောက်ခဲ့သည်။ ခရီးစဉ်ဒေသများ လုံခြုံအေးချမ်းမှုရှိလာပါက ၂၀၁၉ ခုနှစ်က လာရောက်လည်ပတ်သည့်ဦးရေထက် ပိုမိုဝင်ရောက်လည်ပတ်ရန် ခရီးသွားလိုသော အိန္ဒိယနိုင်ငံသားများ၏ ဆန္ဒနှင့် မြန်မာနိုင်ငံ၏ အခြေအနေများက အခွင့်အလမ်းများစွာရှိနေသည်။

အာသံပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင်တည်ရှိပြီး မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသဖြင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များသည် တမူး-မိုရေး ဝင်ပေါက်မှ နယ်စပ်ဖြတ်ကျော် ယာဉ်တန်းများ၊ ဆိုင်ကယ်ယာဉ်တန်း ခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိသည်။ ကျွန်တော်တို့ ခရီးစဉ်တွင် တက်ရောက်အမှာစကားပြောကြားသော အာသံပြည်နယ်ဆိုင်ရာ ခရီးသွားဝန်ကြီး Shri Rangeet Kuman Dass နှင့် Assam Tourism Development Coporation Ltd., (ATDC) Commissioner & Secretary to the Govt: of Assam and Managing Director ဖြစ်သူ Mr Kumar Padmapani Bora တို့မှာ မြန်မာနယ်စပ် တမူးမြို့သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့သဖြင့် လည်းကောင်း၊ ရေမြေဆက်စပ်မှုအရလည်းကောင်း ကျွန်တော်တို့နှင့် ဆုံတွေ့ချိန်တွင် မိတ်ဆွေရင်းချာလို ရှိနေသည်။ တမူးနယ်စပ်တွင် မွေးဖွားခဲ့သူဖြစ်၍ စကားပြောဆိုရာတွင် ပွင့်လင်းစွာအားရပါးရရှိလှသည်။ ရုပ်ရည်နှင့် အသားအရေမှာလည်း မြန်မာနှင့်ဆင်လှသည်။ အထူးသဖြင့် သူတို့၏ မျှော်မှန်းချက်များမှာ တမူးနယ်စပ်မှ ဝင်ရောက်လည်ပတ်မှု၊ ကုန်သွယ်စီးဆင်းမှုတို့ဖြစ်သည်ကို တွေ့ရသည်။

**နယ်စပ်ဖြတ်ကျော်ဝင်ရောက်လည်ပတ်မှု**

၂၀၀၅ ခုနှစ်တွင် Border Crossing ဖြစ်သည့် နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ Caravan Tour များဖြင့်စတင်ခဲ့သည်။ ထိုစဉ်က ဒေသတွင်းတည်ငြိမ်မှု၊ တမူးမြို့ ဝင်ပေါက်အား အပြည်ပြည်ဆိုင်ရာဝင်ပေါက်အဖြစ် သတ်မှတ်ထားမှုတို့ကြောင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်ကိုဖြတ်၍ တမူးအဝင်- တမူးအထွက်၊ တမူးအဝင်-မြဝတီအထွက်၊ တမူးအဝင်-တာချီလိတ်အထွက်၊ တာချီလိတ်အဝင်-တမူးအထွက်၊ မြဝတီအဝင်-တမူးအထွက် စသည့် မိုင်ပေါင်းများစွာ ရှည်လျားကြမ်းတမ်းခက်ခဲသော ခရီးစဉ်လမ်းကြောင်းတွင် နိုင်ငံဖြတ်ကျော်ယာဉ်တန်းများ၊ ဆိုင်ကယ်ယာဉ်တန်းများ လူးလာခေါက်တုံ့သွားလာခဲ့ကြသည်။

Caravan ခရီးစဉ်များသွားလာမှု အများဆုံးဖြစ်သည့် ၂၀၁၉ ခုနှစ်တွင် ဂျာမနီ၊ ဗြိတိန်၊ ဩစတြေးလျ၊ ပြင်သစ်၊ အမေရိကန်၊ နယ်သာလန်၊ အီတလီ၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ ရုရှား၊ ချက်ခ်၊ ဘယ်လ်ဂျီယံ၊ နော်ဝေ၊ ကနေဒါ၊ ဆလိုဗေးနီးယား၊ စပိန်၊ အာဂျင်တီးနား၊ အိုင်ယာလန်၊ ဆော်ဒီအာရေးဗီးယား၊ ဒိန်းမတ်၊ ပိုလန်၊ မော်လတာ၊ ကိုရီးယား၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၃၄၇ ဦးက မော်တော်ယာဉ် ၁၁၉ စီး၊ ဆိုင်ကယ် ၁၁၂ စီးတို့ဖြင့် တမူးနယ်စပ်ကို ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်ခဲ့ကြသည်။ ထို့အတူ ၂၀၂၀ ပြည့်နှစ်တွင်လည်း ကမ္ဘာလှည့်ခရီးသည် ၁၂၂ ဦးတို့သည် မော်တော်ယာဉ် ၄၁ စီး၊ ဆိုင်ကယ် ၃၈ စီးတို့ဖြင့် တမူးမြို့မှ ဝင်ရောက်ထွက်ခွာခဲ့ကြပါသည်။

ယခုအခါ နယ်မြေခရီးလမ်းကြောင်း လုံခြုံမှုအခြေအနေကြောင့် တမူးလမ်းကြောင်းမှ လာရောက်မည့် Caravan Tour များ ရပ်တန့်ခဲ့သည်မှာ ငါးနှစ်ခန့် ကြာမြင့်ပြီးဖြစ်၍ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်ကာလများကဲ့သို့ မော်တော်ယာဉ်တန်းများ၊ ဆိုင်ကယ်ယာဉ်တန်းများ ပြန်လည်၍ လူးလာခေါက်တုံ့သွားလာကြမည်ကို တွေးမျှော်မှန်းရန် မဝံ့ရဲသေးသော်လည်း ယခင်လို ပြန်လည်ဖြစ်စေချင်လှသည်မှာ တကယ့်ဆန္ဒအမှန်ဖြစ်သည်။

**ဗီဇာဖြေလျှော့မှု**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ သံတမန်နှင့် အထူးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် စာချုပ်ချုပ်ဆိုထားပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအား ပြည်ဝင်ဗီဇာ ထုတ်ပေးမှုကို ယာယီရပ်ဆိုင်းထားခဲ့သော်လည်း နိုင်ငံပေါင်း ၂၂ နိုင်ငံကို ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ကို ပြန်လည်ခွင့်ပြုပေးလျက်ရှိပါသည်။ ထို့အပြင် အာဆီယံနိုင်ငံများမှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို အပြန်အလှန်ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုထားပါသည်။

မြန်မာနိုင်ငံသို့ လာရောက်မည့် ရုရှားသာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအတွက် ရက်ပေါင်း ၃၀ နေထိုင်ခွင့်ရှိ လုပ်ငန်းဗီဇာနှင့် ကမ္ဘာလှည့်ခရီးသွား ဗီဇာကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၂ ရက်နေ့မှ စတင်ခွင့်ပြုခဲ့ပြီး ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်မှာ ၂၇-၁-၂၀၂၆ ရက်နေ့မှစ၍ စာချုပ်အသက်ဝင်ခဲ့ပါသည်။ ထို့အပြင် တရုတ်နိုင်ငံ(ပြည်မ)၊ ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသနှင့် မကာအိုအထူးအုပ်ချုပ်ရေးဒေသ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့အား ဆိုက်ရောက်ဗီဇာ(ကမ္ဘာလှည့်)ကို ခွင့်ပြုပေးလျက်ရှိပါသည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအတွက် ဆိုက်ရောက် ဗီဇာကို ၃၀-၈-၂၀၂၃ ရက်နေ့မှ ၂၉-၈-၂၀၂၄ ရက်နေ့အထိခွင့်ပြုခဲ့ပြီး ၃၀-၈-၂၀၂၄ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ ပထမအကြိမ် သက်တမ်းတိုးမြှင့်ပေးခဲ့ပါသည်။ ဆက်လက်၍ ၃၀-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၆ ရက်နေ့အထိ ဆိုက်ရောက်ဗီဇာ သက်တမ်း ဒုတိယအကြိမ် တိုးမြှင့်ပေးခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် အခွင့်အလမ်းဖွင့်ပေးထားပါသည်။ ထို့အပြင် e-Visa (Tourist) ကို နိုင်ငံပေါင်း ၁၀၀ အား ခွင့်ပြုထားရာ အဆိုပါ နိုင်ငံပေါင်း ၁၀၀ တွင် အိန္ဒိယနိုင်ငံလည်း ပါဝင်သကဲ့သို့ Business Visa ခွင့်ပြုထားသည့် ၅၄ နိုင်ငံတွင် အိန္ဒိယနိုင်ငံပါဝင်ပါသည်။

**ဦးစားပေးဈေးကွက်**

အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်များမှ ခွင့်ပြုထားသကဲ့သို့ တမူး-မိုရေး၊ ရိခေါဒါရ်-ရိခေါသာ နယ်စပ်ဂိတ် နှစ်ခုကိုလည်း ဖွင့်လှစ်ထားပါသည်။ သို့ရာတွင် လက်ရှိအခြေအနေ၌ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ဂိတ်များမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များ ဝင်ရောက်နိုင်မှုမရှိသေးပါ။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားဧည့်သည်စာရင်းများအရ အိန္ဒိယနိုင်ငံသားများသည် ၂၀၂၁၊ ၂၀၂၂ ခုနှစ်တွင် တတိယအများဆုံး၊ ၂၀၂၃ ခုနှစ်တွင် ဆဋ္ဌမ အများဆုံး၊ ၂၀၂၄၊ ၂၀၂၅ ခုနှစ်တွင် ပဉ္စမအများဆုံး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ ခရီးသွားလုပ်ငန်းအပေါ် အာရုံစိုက်စိတ်ဝင်စားလာမှုများက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် ခရီးသွားဈေးကွက် Target Market အဖြစ် ဦးတည်သတ်မှတ်၍ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ၊ ဆွဲဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သကဲ့သို့ အိန္ဒိယနိုင်ငံကိုလည်း Target Market သတ်မှတ်ရန် ချန်မထားသင့်သော ခရီးသွားဈေးကွက်ကြီးဖြစ်ပါသည်။ သို့ဖြစ်၍ ရှေ့လာမည့်အခြေအနေကောင်းများတွင် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်မည့် အစီအစဉ်များဖြင့် စတင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**❝ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ ခရီးသွားလုပ်ငန်းအပေါ် အာရုံစိုက်စိတ်ဝင်စားလာမှုများက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် ခရီးသွားဈေးကွက် Target Market အဖြစ် ဦးတည်သတ်မှတ်၍ ခရီးသွားမြှင့်တင်ခြင်းလုပ်ငန်းများ၊ ဆွဲဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သကဲ့သို့ အိန္ဒိယနိုင်ငံကိုလည်း Target Market သတ်မှတ်ရန် ချန်မထားသင့်သော ခရီးသွားဈေးကွက်ကြီးဖြစ် ❞**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား"** ခေါင်းစဉ်ဖြင့် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



## ဘိုကလေးမြို့နယ်၌ စက်သုံးဆီချွေတာသုံးစွဲရေး အသိပညာပေး

**ဘိုကလေး မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ စက်သုံးဆီချွေတာသုံးစွဲနိုင်ရေးအတွက် မော်တော်ဆိုင်ကယ်များအပါအဝင် မော်တော်ယာဉ်မောင်းနှင်ကြသူများအား မော်တော်ယာဉ်နံပါတ်များ စုံ၊ မ ခွဲ၍ စုံရက်၊ မရက်အလိုက် မောင်းနှင်ကြရန် မြို့နယ်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီက မတ် ၇ ရက်မှစတင်၍ ၁၃ ရက်အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ပြီး စဉ်ဆက်မပြတ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသိန်းထွေးမွန်နှင့် အတွင်းရေးမှူး ဒုရဲမှူးကျော်ဦးတို့က မတ် ၉ ရက် ညနေတွင် ဘိုကလေး-စက်ဆန်း လမ်းဆုံအနီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျ ပြေးဆွဲမှုကော်မတီရုံးရှေ့နှင့် ဘိုကလေး-စက်ဆန်းလမ်းဆုံတို့၌ အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ကြသည်။

**မိုးစက်(ဘိုကလေး)**

## ကလေးဝမြို့၌ အမျိုးသမီးကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အသိပညာပေး

**ကလေးဝ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျွမ်းကျင်-၃ ရုပ်သံ ဒေါ်ဖြူဆွေသိမ့်က အမျိုးသမီးကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွမ်းကျင်-၃ ရုပ်သံ ဒေါ်ဖြူဆွေသိမ့်က အမျိုးသမီးကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းအရာများကို မေးမြန်းဆွေးနွေးရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ထက်သန္တာလှိုင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အရေးပါမှု၊ အမျိုးသမီးများ၏ ပတ်ဝန်းကျင်ကို ကူညီထိန်းသိမ်းနိုင်သည့်အချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ဦးဆောင်မှုဖြင့် ဆိုရှယ်မီဒီယာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးချနိုင်မည့်အချက်များ စသည့်အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**



## မိုင်းယောင်းမြို့၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေး

**မိုင်းယောင်း မတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ယမန်နေ့က မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ တိုက်ကျွေးထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက် ကာကွယ်ဆေးများကို တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

## ချောက်မြို့ မြို့မဈေး၌ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်

**ချောက် မတ် ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေး မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက မြို့မဈေးကြီးတည်ရှိပုံ၊ ရေကန်၊ ရေလိုင်းများ အရေးပေါ်အသုံးပြုနိုင်ရေးထားရှိမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းက ဈေးဧရိယာအတွင်း မီးဘေးအန္တရာယ်ကြုံတွေ့ပါက မီးငြိမ်းသတ်ယာဉ် ဝင်ထွက်သွားလာနိုင်ရေး၊ မီးသတ်ရေကန်မှ ရေဖြင့် မီးငြိမ်းသတ်နိုင်ရေးဆောင်ရွက်ထားရှိမှု အစီအမံများကို ရှင်းလင်းပြောကြားသည်။




ထို့နောက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**ကျော်မိုး(ပြန်/ဆက်)**

## ကာမိုင်းမြို့၌ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများဆောင်ရွက်

**ကာမိုင်း မတ် ၁၀**

ကချင်ပြည်နယ် ကာမိုင်းမြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို ယနေ့ နံနက်ပိုင်းက ကာမိုင်းတိုက်နယ်ကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ ဆေးထိုးနှံရာတွင် ကာမိုင်းမြို့ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ဘီစီဂျီ၊ ပိုလီယို ကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး မြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းမောင်နှင့် မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကာမိုင်း(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ နွေရာသီပန်းချီသင်တန်းဖွင့်

**ကျောင်းကုန်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီပန်းချီ(အခြေခံ)သင်တန်းကို ယနေ့နံနက် ၈ နာရီက ဖွင့်လှစ်သင်ကြားခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများ ကာယ/ဉာဏ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းတွင်း ပန်းချီပြိုင်ပွဲတို့တွင် အရည်အသွေးပြည့်ဝသော ပန်းချီများ ရေးဆွဲနိုင်ကြစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ပန်းချီ(အခြေခံ)သင်တန်းကို သင်တန်းနည်းပြ ပန်းချီဆရာဦးအေးကိုက အခြေခံပန်းချီရေးဆွဲနည်း လေးမျိုးဖြစ်သော လူပုံရေးဆွဲခြင်း၊ ရှုခင်းပုံရေးဆွဲခြင်း၊ သစ်သီးဝလံ/ပန်းမန်ရေးဆွဲခြင်းနှင့် ခဲပန်းချီရေးဆွဲခြင်းတို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၀ ရက်မှ ၂၀ ရက်အထိ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုင်းခတ်မြို့နယ်၌ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်

**မိုင်းခတ် မတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းကို မြို့နယ်အားကစားကွင်း၌ မတ် ၅ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အားကစားနည်းသင်တန်းတွင် ဘောလုံး၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောစသည့် အားကစားနည်း ငါးမျိုးကို မတ် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းတွင် အားကစားနည်းများအလိုက် သင်တန်းသား လူငယ် ၁၂၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**



## လက်ပံတန်း၌ ကျေးရွာသစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**လက်ပံတန်း မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်း၍ စွမ်းအားမြင့် မီးဖိုများဖြန့်ဖြူးခြင်းစီမံကိန်းမှ ကျေးရွာသစ်စီမံကိန်း ဖွံ့ဖြိုးရေးလုပ်ငန်းများရန်ပုံငွေဖြင့် ဝင်ငွေတိုးတက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ကွမ်းခြံကျေးရွာ၌ ဆောင်ရွက်သည်။



အဆိုပါကျေးရွာသစ်စီမံကိန်း ရန်ပုံငွေမှ ဝင်ငွေတိုးတက်ရရှိရေး အတွက်ကျေးရွာအသင်းသား ၁၂၀ ကို ထောက်ပံ့ငွေကျပ်၂၅၅၆၀၀၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့်သူတစ်ဦးလျှင် ငွေကျပ် သုံးသိန်းဖြင့် ၅၂ ဦး၊ မွေးမြူရေး ဆောင်ရွက်မည့်သူ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းဖြင့် ရှစ်ဦး၊ ဈေးသည် တစ်ဦးလျှင် ငွေကျပ် ၁၂၆၀၀၀ ဖြင့် ၆၀ တို့အား အရင်းမပျောက်ရန်ပုံငွေများ ထောက်ပံ့ပေးအပ်ထားရှိရာ ပြန်လည်ပေးဆပ်ရမည့်ရက်ကို မပျက်မကွက် ပေးဆပ်ကြရန် ပြောကြားပြီး တက်ရောက်လာသူများက မိမိတို့ ဆောင်ရွက်မည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေး လိုက်နာဆောင်ရွက်စေရန် အသိပညာပေး

**ဇလွန် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ စက်သုံးဆီခြိုးခြံချွေတာရေး



နှင့် ဖူလုံမှုရှိစေရေး စုံရက်၊ မရက် ခွဲခြား၍ မော်တော်ယာဉ် မောင်းနှင်စေမည့်စနစ်အား ယာဉ်အသုံးပြုသူများ အလေးထား လိုက်နာဆောင်ရွက်စေရန် အသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်- ဟင်္သာတကားလမ်းပေါ်ရှိ မြို့အဝင်ဂိတ်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့တို့က ရန်ကုန်-ဟင်္သာတ ကားလမ်းတစ်လျှောက်ဖြတ်သန်းမောင်းနှင်လာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့ကို စစ်ဆေးဆောင်ရွက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဝေယံ-ဇလွန်(ပြန်/ဆက်)**

## နတ်မောက်မြို့၌ သတ်ပုံအမှန်ရွေးကြမယ်ပြိုင်ပွဲ ကျင်းပ

**နတ်မောက် မတ် ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ သတ်ပုံအမှန်ရွေးကြမယ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဝင်းမေထွန်း(စာကြည့်တိုက်လက်ထောက်-ထောက် ၃) က



မြန်မာစာပေ၏ အရေးပါမှုကို သိရှိနားလည်စေရန်၊ နေ့စဉ်အသုံးပြုနေသော စကားလုံးများတွင် သတ်ပုံအမှားများ လျော့နည်းလာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်ပြီး ဗဟုသုတရှာမှီးလိုစိတ်မြှင့်တင်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ က ယှဉ်ပြိုင်ခဲ့ကြရာ သတ်မှတ်ထားသော မြန်မာစကားလုံးများထဲမှ အမှားနှင့်အမှန်ကို မှန်ကန်မြန်ဆန်စွာ ရွေးချယ်နိုင်သူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများချီးမြှင့်ပေးခဲ့သည်။ **လှဝင်း**

## မိုင်းပျဉ်းမြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းများဖွင့်

**မိုင်းပျဉ်း မတ် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ လူငယ်လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၉ ရက်က မြို့မအားကစားကွင်း၌ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အားကစားနည်းများတွင် ကရာတေးဒို၊ ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ် စသည့်အားကစားနည်း လေးမျိုးကို အားကစားမှူး ဦးအောင်မျိုးသူ၊ ဦးအောင်လှိုင်မြင့်၊ ဦးလေးဆွေနှင့် ဦးအောင်နိုင်စိုးတို့က နည်းပြဆရာများအဖြစ် သင်ကြားပေးပြီး သင်တန်းကာလမှာ



မတ် ၉ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## မောက်မယ်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

**မောက်မယ် မတ် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ မီးဘေးအန္တရာယ်



ဆိုင်ရာ အသိပညာပေးရေးနှင့် မီးလောင်မှု မီးလန့်မှုဖြစ်ပွားပါက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ယနေ့နံနက် ၈ နာရီက အဆိုပါမြို့မဈေးအတွင်းနှင့် ဈေးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပါဝင်ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က မီးသတ်ဆေးဘူးကိုင်တွယ် အသုံးပြုပုံ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရန်ရှောင်ရန် အချက်အလက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များနှင့် နည်းပညာများကို အသိပညာပေးရှင်းလင်းဟောပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခဲ့ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **စိုင်းမျိုးသန့်(မောက်မယ်)**



## မြောင်းမြရိုင်၌ လူငယ်များဖွံ့ဖြိုးတိုးတက်စေရေး ပန်းချီနှင့် စက္ကူပုံခေါက်နည်း သင်တန်းဖွင့်

**မြောင်းမြ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက္ကူပုံခေါက်နည်း သင်တန်းကို ယနေ့နံနက် ၉နာရီက ဖွင့်လှစ်သည်။

သင်တန်းတွင် ဆရာမဒေါ်သင်းသင်းရွှေက စက္ကူပုံခေါက်နည်းအမျိုးမျိုးကို ကျောင်းသား ကျောင်းသူ ၁၆ ဦးအား မတ် ၁၀ ရက်မှစတင်၍ ရက်သတ္တတစ်ပတ်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



## ချောင်းဆုံမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ မတ် ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ချောင်းဆုံ(အထက)ကျောင်း စာစစ်ဌာန ပတ်ဝန်းကျင်တွင် မီးလန့်မှု၊ မီးလောင်းမှုမဖြစ်ပေါ်စေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စာစစ်ဌာနအနီးပတ်ဝန်းကျင်ရှိ နေအိမ်နှင့်ဆိုင်ခန်းများကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ၊ မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်၊ တရားမဝင်စက်သုံးဆီ သိုလှောင်ရောင်းချခြင်းမရှိစေရေး စည်းရုံးပြောဆိုခြင်းနှင့် အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **ကိုကျော်(ချောင်းဆုံ)**




## ထန်းတပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ထန်းတပင် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး မတ် ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးနိုင်ဦးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို မြို့ပေါ် ရပ်ကွက် လမ်းများတစ်လျှောက်တို့တွင် မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ အသိပညာပေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃
## မှော်ဘီခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၇

**ကွယ်လွန်သူ ဦးထွန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

၁။ ဒေါ်နော်အေးသောင်းမြင့် — လျှောက်ထားသူများ
၂။ နော်ဝင်းသောင်းစိန်
၃။ ဦးမြင့်သန်းတင်
၄။ ဒေါ်သောင်းမြင့်အေး
၅။ ဒေါ်မေဝင်းရီ
၆။ ဒေါ်ခင်မေကြည်(ကိုယ်တိုင်နှင့် ၁၊၂၊၃၊၄၊၅ နှင့် ၇ တို့၏ အခွင့်ရကိုယ်စားလှယ်)
၇။ ဦးတင်အောင်ခိုင်

အင်းလျက်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ခဲ့သောကွယ်လွန်သူ ဦးထွန်း ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့်လျှောက်ထားသူကအမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၄ ရက်)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်း၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက် (၁၃၈၇ ခုနှစ် ၊ တပေါင်းလဆုတ် ၁၄ ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်း အရာတွင် စီရင်ချက် ချလိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဝင်းခင်မိုးဆင့်)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀)၊ မြေကွက် အမှတ်(၂-က)၊ မြေချိန်ဧရိယာ (၃ ဒသမ ၉၂၅) ကေနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ (၁ ဒသမ ၆၀၈) ကေ စုစုပေါင်းမြေချိန်ဧရိယာ (၅.၅၃၃) ကေရှိသည့် ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၈)၊ (၁)လွှာ၊ အခန်းအမှတ် (၄)၊ အိပ်ခန်း (၂) ခန်းပါရှိသည့် အကျယ်အဝန်း (၆၀၅) စတုရန်းပေရှိသော Apartment တိုက်ခန်းကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသော ဦးဟိန်းမင်းဦး (ဘ) ဦးအေးမင်း ၇/ထတပ(နိုင်)၀၆၈၄၆၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ Apartment တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောမူရင်းစာရွက်စာတမ်း၊ အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးနိုင်နိုင် LL.B, D.B.L, D.I.L, D.I.R, D.P.S, E.T.E.C(M.P)Credit. တရားလွှတ်တော်ရှေ့နေ**
**ဦးဇော်ဝင်း (LL.B; D.B.L;D.P.S)(MDY) တရားလွှတ်တော်ရှေ့နေ**
**၁၁(အေ)လမ်း၊ ၇၇x၇၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၅၁၇၀၄၀၊ ၀၉-၇၇၉၃၃၈၈၇၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/2390 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် W/15399 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/45634 TRAWLERGI Lifan Farm Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၉/အမရ(နိုင်)၁၀၆၄၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/24517 Honda Scoopyi ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူခင် ၉/ခမစ(နိုင်)၀၁၅၆၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၇၄၃ + ၇၄၄) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေစီရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြဝင်း (၁၂/ကမတ(နိုင်)၀၄၀၁၁၂) ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့်ရှိသူ ခင်ပွန်း ဦးလင်းခိုင်မင်း(ခ)ဦးဟန်တင်(၁၂/ကမတ(ဧည့်)၀၀၀၀၆၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာလွင် (၁၂/လမတ(နိုင်)၀၀၂၈၆၈) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းသူရဇော်(LL.B) အထက်တန်းရှေ့နေ (စဥ်-၄၂၀၆၆)**
**ဒေါ်ယမင်းထွေး(LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၃၆၅)**
**ဦးရဲသီဟ(LL.B) အထက်တန်းရှေ့နေ(စဥ်-၅၆၃၆၆)**
**အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း

ဦးနန်းထိုက် ၅/ကဘလ(နိုင်) ၂၀၇၀၄၃ ၏ ဖခင်အမည်မှာ ဦးကိုကို(ခ)လွင်ဦးနှင့် ဦးလွင်ဦးဟူ၍ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့်မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ် အ.လ.က(ခုန်တိုင်ကျင်း) တွင် အလယ်တန်းကျောင်းအုပ်တာဝန်ထမ်းဆောင်နေသော ဒေါ်ရဲရွှေကြည် ၈/မတန(နိုင်)၀၃၉၀၇၅ ၏ ဖခင် ဦးနီလုံး(ခ)ဦးလုံး ၈/မတန(နိုင်)၀၃၆၈၂၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၁၉၇၅ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/1655 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/33152 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဖြိုး ၉/မတရ(နိုင်) ၁၇၂၁၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/30198 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

